ဒီနိုဗို
ပြန်ဆိုသည်

# မူယာကာမိ
# နောက်ဆုံးရိုက်ခဲ့သော
# မြက်ခင်း

ဝတ္ထုတို စုစည်းမှု

# သံပတ်ငှက်နှင့် အင်္ဂါနေ့က မိန်းမများ

ဖုန်းမြည်လာတဲ့ အချိန်မှာ ကျွန်တော်က FM ကလာနေတဲ့ Rossini ရဲ့ La Gazza Ladra တေးသွားကို လေချွန်ရင်း စပါဂတီ ပြုတ်နေခဲ့တယ်။ ဒီတေးသွားက ပက်စတာပြုတ်ရင်း နားထောင်လို့ အကောင်းဆုံးဂီတပဲ။ ဖုန်းမြည်သံကို ကျွန်တော်ကြားပေမဲ့ လွှတ်ထားလိုက်စမ်းပါလို့ ကိုယ့်ဘာသာ ပြောမိတယ်။ ဘာကြောင့် ဆို စပါဂတီကလည်း ပြီးခါနီးပြီ။ ဒီအပြင် Claudio Abbado နဲ့ လန်ဒန်သံစုံ တီးဝိုင်းက အရှိန်အရမ်းကောင်းနေပြီမဟုတ်လား။ ဒါပေမဲ့လည်း နောက်တော့ ပြန်စဉ်းစားကြည့်ပြီး မီးအရှိန်ကိုလျှော့ကာ၊ ဧည့်ခန်းထဲပြေးပြီး ဖုန်းကို ကောက်ကိုင်လိုက်မိတယ်။ လက်ထဲမှာ လည်း မွှေတဲ့ တူက ကိုင်လျက်သား၊ သူငယ်ချင်းတစ်ယောက်ယောက်က အလုပ်သစ်ပေါ်တဲ့ အကြောင်း သတင်းပေးတာလည်း ဖြစ်နိုင်တယ်မဟုတ်လား။

မိန်းမသံတသံက ရုတ်တရက် ပြောလာတယ်။

"ဆယ်မိနစ်လောက်များ အချိန်ရနိုင်မလားရှင်"

"မကြားလိုက်လို့ နောက်တစ်ခါလောက် ပြန်ပြောပေးနိုင်မလား" ကျွန်တော့်မှာ အံ့သြမှုနဲ့ အတူ လွှတ်ခနဲထွက်သွားတယ်။

"ကျွန်မက ရှင့်ကို ဆယ်မိနစ်လောက် အချိန်ရမလား ပြောတာပါ။ ကျွန်မတောင်းဆိုတာ ဆယ်မိနစ်ထဲပါ" အမျိုးသမီးက ထပ်ပြောတယ်။

ကျွန်တော့်မှာ အရင်က ဒီအသံမျိုး လုံးဝ မကြားဘူး၊ ကျွန်တော်ဟာ လူတွေရဲ့ အသံကို ကောင်းကောင်း မှတ်မိတဲ့ သူတစ်ယောက်ပါ။ ဒါပေမယ့် ဒီအသံကိုတော့ ကျွန်တော်မသိဘူး၊ ပျော့ပျောင်းပြီး အသံနိမ့်နိမ့်နဲ့ မထင်ရှားတဲ့ အသံမျိုးပဲ။

"တဆိတ် ဘယ်နံပါတ်ကို ဆက်တာလဲမသိ" ကျွန်တော်လည်း အတတ်နိုင်ဆုံး ယဉ်ယဉ်ကျေးကျေးပဲ ပြောလိုက်တယ်။

"ဘာများ ထူးမှာ မို့လို့ လဲ၊ ကျွန်မလိုချင်တာ ဆယ်မိနစ်ထဲပါ၊ တစ်ယောက်ကိုတစ်ယောက် နားလည်လာဖို့ ဆယ်မိနစ်ထဲပါ"

သူမက ပိုင်နိုင်တဲ့ လေသံနဲ့ ခပ်သွက်သွက် ပြောလိုက်တယ်။

"တစ်ယောက်ကိုတစ်ယောက် နားလည်ဖို့ ဟုတ်လား"

"တစ်ယောက်ရဲ့ ခံစားမှုကို တစ်ယောက်နားလည်ဖို့ ပါ" အမျိုးသမီးက လိုရင်းကို ပြတ်ပြတ်ပြောလိုက်တယ်။

ကျွန်တော်လည်း ငုံ့ပြီး မီးဖိုချောင်တံခါးကနေ ဖျတ်ခနဲချောင်းကြည့်လိုက်တယ်။ စပါဂတီအိုးက အငွေ့တထောင်းထောင်းထနေဆဲ၊ Claudio Abbado ကလည်း သူ့ရဲ့ Gazza ကို ဦးဆောင်တီးမှုတ်နေတုန်းပဲ။

"ဆောရီးပဲ၊ စပါဂတီပြုတ်ရင်း တန်းလန်းဖြစ်နေတယ်၊ ပြီးလုနီးပြီ ခင်ဗျားနဲ့ ဆယ်မိနစ်လောက် ပြောနေရင် ပျက်သွားလိမ့်မယ် ကျွန်တော်ချလိုက်တော့မယ် ဟုတ်ပြီလား"

"စပါဂတီဟုတ်လား" အမျိုးသမီးက မယုံနိုင်တဲ့ လေသံနဲ့ ပြောတယ်။

"မနက် ဆယ်နာရီခွဲပဲရှိသေးတယ်၊ မနက်ဆယ်နာရီခွဲကြီးကို

စပါဂတီပြုတ်ပြီး ဘာလုပ်မလို့ လဲ၊ ထူးဆန်းတယ်လို့ မထင်ဘူးလား”

“ထူးဆန်းဆန်း၊ မဆန်းဆန်း၊ ဒါခင်ဗျား အလုပ်မဟုတ်ပါဘူး၊ ကျွန်တော် မနက်စာ မစားရသေးဘူး၊ အခုကိုဗိုက်ဆာ လာပြီ၊ ကိုယ့်ဘာသာ ချက်စားတာပဲ၊ကိုယ်စားချင်တာ ကြိုက်တဲ့ အချိန်စားမှာ ပေါ့၊ မဟုတ်ဘူး လား”

“ရှင်ပြောသလိုပဲ ထားပါတော့၊ ဖုန်းချလိုက်မယ်၊ ပြီးမှ ပြန်ခေါ်လိုက်မယ်”

အမျိုးသမီးက ဖြည်းဖြည်းနဲ့ ခံစားချက်ပါပါ ပြောလိုက်တယ်။ ထူးခြားတဲ့ အသံပါပဲ။ သူမရဲ့ စိတ်ခံစားချက်နည်းနည်း ပြောင်းတာနဲ့ လေသံက ပြောင်းသွားတာပဲ။

“ခဏ.....ခဏ” ကျွန်တော်လည်း သူမ ဖုန်းမချခင် အမီပြောရတယ်။

“ပစ္စည်းအသစ်ရောင်းဖို့ ဆိုရင်တော့ မေ့သာထားလိုက်တော့ ကျွန်တော့်မှာ အလုပ်လည်း မရှိဘူး၊ ဘာမှ လည်း ဝယ်ဖို့ မရှိဘူး”

“ကျွန်မသိပါတယ်၊ သိပ်တွေးမနေပါနဲ့ ”

“ခင်ဗျားသိတယ်ဟုတ်လား၊ ခင်ဗျား ဘာသိတာလဲ”

“ရှင်အလုပ်မရှိဘူးဆိုတာ သိတယ်လို့ ပြောတာ ဒီတော့ ရှင်ရဲ့ အဖိုးတန်စပါဂတီလေးကိုသွားပြီး ချက်လိုက်ဦး”

“ဘယ်သူမို့လို့ .....”

သူမက ဖုန်းချသွားခဲ့တယ်။ ဖုန်းခွက်ကို ချတာထက်ကိုမြန်တယ်၊ သူမလက်ချောင်းနဲ့ ခလုတ်ကို ဖိလိုက်ပုံရတယ်။ ကျွန်တော်လည်း လက်ထဲက ဖုန်းခွက်ကို ငေးစိုက်ကြည့်နေမိတယ်။ နောက်မှ စပါဂတီကို

သတိရပြီး ဖုန်းကိုချ၊ နောက်ဖေးကိုပြန်သွား။ ဂတ်စ်အိုးကိုပိတ် အိုးထဲကဟာတွေကို ဇကာစစ်ပါတဲ့ ဇလုံထဲကို လောင်းထည့်လိုက်တယ်။ ပြီးမှ လက်ကိုင်တပ်ဒယ်ထဲမှာ နွေးထားတဲ့ ခရမ်းချဉ်သီး အချဉ်ရည်နဲ့ ဖျန်းလိုက်တယ်။ ဖုန်းခေါ်တာကိုပဲ ကျေးဇူးတင်ရမယ်။ စပါဂတီက အတော်ပျော့သွားပြီ။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ ကျွန်တော့်မှာ စပါဂတီပြုတ်ခြင်းရဲ့ သိမ်မွေ့လှပုံကို မစဉ်းစားနိုင်လောက်အောင် ဗိုက်ဆာနေခဲ့ပြီ။ ကျွန်တော်လည်း ရေဒီယိုနားထောင်ရင်းနဲ့ နှစ်ရာ့ငါးဆယ်ဂရမ်ရှိတဲ့ စပါဂတီကို အစာအိမ်ထဲ တမျှင်မကျန် အလောတကြီး သွတ်သွင်းနေခဲ့တယ်။

ကျွန်တော့်မှာ တစ်ဖက်က ရေနွေးတည်ထားရင်းနဲ့ ပန်းကန်တွေ၊ ဒယ်အိုးတွေကို ဆေးကြောနေမိတယ်။ ပြီးမှ လက်ဖက်ရည်တစ်ခွက် ဖျော်လိုက်တယ်။ လက်ဖက်ရည်သောက်ရင်း ဖုန်းခေါ်သံနဲ့ ပတ်သက်ပြီး စဉ်းစားနေမိတယ်။ တစ်ယောက်ကိုတစ်ယောက် နားလည်ဖို့ တဲ့ လား။ ဒီမိန်းမ ဒီလိုဖုန်းဆက်ပြီးပြောတာ ဘာအဓိပ္ပာယ်လဲ၊ သူမက ဘယ်သူလဲ။

တစ်ခုလုံးက လျှို့ဝှက်ချက်တွေနဲ့ ကိုယ့်ကိုယ်ကိုယ် ဘယ်သူဘယ်ဝါမပြောတဲ့ မိန်းမမျိုး အရင်ကဆက်ဖူးသလား၊ ကျွန်တော်လည်း စဉ်းစားမရ။ သူမ ဘာကိုပြောချင်တာလဲဆိုတာလည်း နည်းနည်းမှ ခန့်မှန်းလို့ မရဘူး။

ကျွန်တော်ကိုယ့်ကိုယ်ကိုပြောမိတယ်။
ခပ်ကြောင်ကြောင်မိန်းမတွေရဲ့ ခံစားမှုကို ငါက ဘာကြောင့် ဂရုစိုက်ရမှာ လဲ။ ဒီအတွက် ဘာအကျိုးရှိမှာ မို့လဲ။ ကျွန်တော့်အတွက် အ ခု အ ချိ န် မှာ အရေးကြီးတာက အလုပ်ရဖို့ ပဲ။ အဲဒါမှ ပဲ

ကျွန်တော်လည်း နောက်ထပ် ဘဝသစ်တစ်ခုကို အခြေချနိုင်မယ်။

ကျွန်တော်လည်း ဆိုဖာပေါ်ပြန်ထိုင်ပြီး စာအုပ်စင်ပေါ်က ဆွဲလာတဲ့ Len Deighton ကိုပြန်ကိုင်နေသည့် တိုင် စိတ်က တယ်လီဖုန်းဆီ ရောက်ရောက်သွားတယ်။ ဆယ်မိနစ်အတွင်း နားလည်သွားနိုင်တဲ့ ခံစားမှုဆိုတာ ဘာများ လဲ။ ဆိုလိုတာက ကျွန်တော်တို့ ရဲ့ ခံစားမှုတွေကို ဆယ်မိနစ်နဲ့ နားလည်နိုင်ပါ့မလား စဉ်းစားကြည့်ပြန်တော့ သူမက အဲဒီဆယ်မိနစ်ကို လုံးဝသေချာနေပုံပဲ။ သူမပါးစပ်က ဒီစကားလုံးကို ပထမဆုံးထွက်လာတာကိုကြည့်။ ကိုးမိနစ်ဆိုရင်ပဲ သိပ်တိုတောင်းလွန်းပြီး ၁၁ မိနစ်ဆိုရင် သိပ်ရှည်သွားမယ့်အတိုင်းပဲ။ စပါဂတီပြုတ်သလိုမျိုးပေါ့။ ဒီအတွေးတွေနဲ့ ကျွန်တော့်မှာ ဝတ္ထုကိုဆက်ဖတ်လို့ မရတော့ဘူး။ ဒီအတွက် ကိုယ်လက်လှုပ်ရှားလုပ်တဲ့ အနေနဲ့ ရှပ်အင်္ကျီတစ်ထည် နှစ်ထည်လောက် မီးပူတိုက်ဖို့ ဆုံးဖြတ်လိုက်မိတယ်။ ကျွန်တော်က စိတ်ထဲရှုပ်ထွေးနေတဲ့ အခါတိုင်း အဲဒီလိုလုပ်နေကျလေ။ ကျွန်တော့်ရဲ့ ငယ်ငယ်ကတည်းက အကျင့်တွေပေါ့။

ကျွန်တော်က အလုပ်ကို အဆင့် ၁၂ ဆင့် ပိုင်းလိုက်တယ်။ ကော်လာအပြင်ကနေ စတယ်။ ဘယ်ဘက်လက်အနားခေါက်မှာ ဆုံးတယ်။ ရှေ့နောက်အစီအစဉ်က အမြဲတမ်း တစ်ပုံစံတည်းပဲ။ ကျွန်တော် တဆင့်ပြီးတိုင်း တစ်ခါ ရေထားတယ်။ ဒီလိုမှ မဟုတ်ရင် ကမောက်ကမ ဖြစ်ကုန်ရော။

ကျွန်တော်လည်း ရေနွေးငွေ့မီးပူက တရှဲရှဲမြည်သံကို နားထောင်ရင်း ပူနေတဲ့ ကော်တွန်သားက ထွက်လာတဲ့ ထူးခြားတဲ့ အနံ့ကို ရှူရှိုက်ရင်းနဲ့ တတိယမြောက်ရှပ်အင်္ကျီကို မီးပူတိုက်ပြီး

အတွန့်အကြေမရှိတာ သေချာမှ ချိတ်နဲ့ ချိတ်လိုက်တယ်။ မီးပူကို ခလုတ်ပိတ်ပြီး အောက်ခံပြားကို စတိုခန်းထဲ ထည့်လိုက်တယ်။

ဖုန်းနောက်တစ်ကြိမ်မြည်တော့ ကျွန်တော်ကရေဆာလို့ မီးဖိုခန်းထဲ ရေသွားယူရင်း တန်းလန်း။ ကျွန်တော် ခဏလောက် တွေဝေနေပြီးမှ ဆုံးဖြတ်လိုက်တယ်။ ဘယ်သူမှန်းမသိနိုင်ဘူးလေ။ ဒီလိုနဲ့ ဧည့်ခန်းဘက်ကို ခြေဦးလှည့်ပြီး ဖုန်းကို ကောက်ကိုင်လိုက်တယ်။ တကယ်လို့ ဒီမိန်းမပဲ ဆိုရင်တော့ ကျွန်တော်မီးပူတိုက်နေတယ်လို့ ပြောပြီး ဖုန်းချလိုက်မယ်။

ဒီတစ်ကြိမ်တော့ ကျွန်တော့်မိန်းမ ဖြစ်နေတယ်။ တီဗွီပေါ်က နာရီကဆယ့်တစ်နာရီခွဲ။

“အစစ အရာရာ အဆင်ပြေရဲ့ လား”

“အဆင်ပြေပါတယ်” ကျွန်တော့်မှာ မိန်းမအသံကို ကြားမှ ပဲ စိတ်ထဲပေ့ါသွားတယ်။

“ဘာတွေလုပ်နေလဲ”

“အခုပဲ မီးပူတိုက်ပြီးတယ်”

“ဘာတွေဖြစ်နေလို့ လဲ”

သူမအသံက နည်းနည်းစိုးရိမ်နေတဲ့ အသံ၊ ကျွန်တော် ဂနာမငြိမ်ဖြစ်တဲ့ အခါ မီးပူတိုက်တတ်တယ်ဆိုတာ သူမ သိတယ်လေ။

“ဘာမှ မဟုတ်ပါဘူး၊ ရှပ်အင်္ကျီတွေ တိုက်ချင်စိတ်ပေါက်လာလို့ ပါ၊ ထွေထွေထူးထူး အကြောင်းမရှိပါဘူး”

ကျွန်တော်လည်း ကုလားထိုင်ပေါ် ထိုင်ချရင်း

ဖုန်းခွက်ကိုဘယ်လက်ကနေ ညာဘက်ပြောင်းကိုင်လိုက်တယ်။

"ကိုယ့်ကို တစ်ခုခု ပြောချင်တာများ ရှိလား"

"အင်း....ဟုတ်တယ်၊ အလုပ်အကြောင်းပဲ၊ ဖြစ်နိုင်ချေရှိတဲ့ အလုပ်ပဲ"

"ဆိုပါဦး"

"ရှင်ကဗျာရေးနိုင်မလား"

"ကဗျာ ဟုတ်လား" ကျွန်တော်လည်း အံ့အားတသင့် ပြန်မေးလိုက်တယ်။ ကဗျာနဲ့ ဘယ်လိုများ ပတ်သက်နေလို့ လဲ။

"ကောင်မလေးတွေဖတ်တဲ့ ဝတ္ထုတို မဂ္ဂဇင်းတစ်စောင်ရဲ့ ထုတ်ဝေသူနဲ့ ကျွန်မသိတယ်။ သူတို့ က ဝါသနာရှင်တွေရဲ့ ကဗျာကို ရွေးချယ်ပေးပြီး အရောင်တင်ပေးနိုင်တဲ့ သူတစ်ယောက်ရှာနေတယ်။ ပြီးတော့ သူတို့ က မျက်နှာဖုံးကာဗာအတွက် လစဉ် ကဗျာတိုလေး တစ်ပုဒ်လောက် ရေးနိုင်မယ့်သူကို လိုချင်တယ်။ အလုပ်ကတော့ သက်သောင့်သက်သာပဲ လုပ်ခကလည်း မဆိုးပါဘူး။ အချိန်ပိုင်းအလုပ်တော့ ဖြစ်နေတယ်။ ဒါပေမဲ့ အဆင်သင့်ရင် အယ်ဒီတာ အလုပ်တွေလည်း ထပ်ပေးနိုင်ပါတယ်။"

"သက်သောင့်သက်သာအလုပ်ဟုတ်လား၊ ခဏလေး ပြောပါရစေဦး၊ ငါရှာနေတာက ဥပဒေနဲ့ ဆိုင်တဲ့ အလုပ်နော်၊ ကဗျာတွေကို အရောင်တင်ပေးရတဲ့ အလုပ် မင်းဘယ်ကများ တွေ့လာရတာလဲ"

"ရှင်အထက်တန်းကျောင်းတုန်းက စာရေးတယ်လို့ ပြောဖူးတယ်မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျောင်းသတင်းစာမှာ ရေးဖူးတယ်၊

ဘော လုံး ချ န် ပီ ယံ လု ပွဲ မှာ ဘယ်အသင်းနိုင်သွားတယ်ဆိုတာမျိုး၊ ရူပဗေဒဆရာမ လေ့ကားမှာ ချော်လဲပြီး ဆေးရုံတက်ရတယ်ဆိုတာမျိုး အဲဒီလို သတင်းဆောင်းပါးတိုမျိုးလေးတွေရေးဖူးတာပါ၊ ကဗျာမဟုတ်ပါဘူး၊ ငါ ကဗျာမရေးတတ်ပါဘူး”

“ဟုတ်ပါတယ်၊ ကျွန်မကလည်း တကယ့်ကဗျာတွေအကြောင်း ပြောနေတာမဟုတ်ပါဘူး”

“အထက်တန်းကျောင်းက ကောင်မလေးတွေဖတ်ဖို့ ပါ၊ သိပ်ကောင်းဖို့ မလိုပါဘူး၊ သူတို့ က ရှင့်ကို Allen Ginsberg တို့လို ရေးနိုင်ဖို့ မမျှော်လင့်ထားပါဘူး။ ဒါမျိုးအဖြစ် ကဗျာတွေတော့ ရေးနိုင်ပါတယ်၊ မဟုတ်ဘူး လား”

“ဒီမှာ ငါ အဲဒီ အဖြစ်ကဗျာမျိုးလည်း တစ်လုံးမှ မရေးတတ်ဘူး”

ကျွန်တော်လည်း မာဆတ်ဆတ်ပြောလိုက်တယ်။

“ကောင်းပြီလေ” ကူမီကိုက နည်းနည်းစိတ်ဆိုးသွားတဲ့ လေသံနဲ့

“အဲဒီ ဥပဒေအလုပ်တွေကလည်း အခုထိ ဘာမှ အကောင်အထည် မမြင်ရသေးဘူးမဟုတ်လား”

“အလားအလာတွေကတော့ အများကြီးပါ၊ ဒီတစ်ပတ်အတွင်းတော့ တစ်ခုခုကြားရမယ်ထင်တယ်၊ အဆင်မပြေရင်တော့ ငါလည်း တခြားတစ်ခုခု စဉ်းစားမယ်လေ”

“ဟုတ်ပြီလေ၊ ဒါဖြင့်လည်း ရှင်ပြောသလို လုပ်ကြည့်လေ၊ ဒါနဲ့ စကားမစပ်၊ ဒီနေ့ ဘာနေ့လဲ”

ကျွန်တော်လည်း ခဏစဉ်းစားလိုက်ပြီး

"အင်္ဂါနေ့"

"ဒါဖြင့် ရှင် ဘဏ်သွားပြီး ဓာတ်ငွေ့ဖိုးနဲ့ ဖုန်းဘေလ်တွေ သွင်းရဦးမယ်နော်"

"စိတ်ချပါ၊ ငါလည်း ညစာအတွက် ဈေးထွက်ဝယ်ရဦးမှာ ပါ၊ ငါတစ်ခါတည်း ဝင်ဆောင်လိုက်လို့ ရပါတယ်"

"ညစာအတွက် ဘာတွေချက်ဖို့ စဉ်းစားထားလဲ"

"မသိသေးဘူး၊ ထွက်ဝယ်မှ ပဲ စဉ်းစားတော့မယ်"

သူမက ခဏရပ်ပြီး လေးလေးနက်နက်နဲ့ ပြောတယ်။

"ကျွန်မ စဉ်းစားကြည့်နေတာ၊ ရှင်အလုပ်ကို ဖုတ်ပူမီးတိုက်ရှာဖို့ မလိုသေးဘူးထင်တယ်"

ဒီစကားကြားတော့ ကျွန်တော်လည်း အံ့အားသင့်သွားတယ်။

"ဘာကြောင့် လဲ" ကျွန်တော်မေးလိုက်တယ်။

တစ်ကမ္ဘာလုံးက မိန်းမတွေက ဒီနေ့ကျမှ ကျွန်တော့်ကို ဖုန်းဆက်ပြီး အကြောင်ရိုက်နေကြတာလားမသိ။

"ဘာကြောင့် ငါက အလုပ်မရှာရမှာ လဲ"

"ငါ့အလုပ်လက်မဲ့ ထောက်ပံ့ကြေးက နောက်သုံးလဆို ကုန်တော့မယ်။ ဒီအတိုင်းဆက်သွားနေလို့ မရဘူးလေ"

"မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်မ လစာတိုးတာနဲ့ ကြားပေါက်အလုပ်လေးတွေနဲ့ ကျွန်မတို့ စုထားတာနဲ့ ဆို ကျွန်မတို့ နှစ်ယောက် ဖိမ်ခံပစ္စည်းတွေမသုံးဘဲ စစ်စစ်စီစီ သုံးမယ်ဆို အဆင်ပြေပါတယ်"

"ဒါဖြင့် ငါက အိမ်အလုပ်ပဲ လုပ်နေရမယ်ပေါ့"

"ရှင် အိမ်အလုပ်တွေ လုပ်နေရတာ အဆင်မပြေဘူးလား"

"ငါလည်း မသိဘူး" ကျွန်တော် စိတ်ထဲရှိတဲ့ အတိုင်း ဖြေလိုက်တယ်။ ကျွန်တော်တကယ်လည်း မသိဘူး။

"ငါ စဉ်းစားကြည့်ရဦးမယ်"

"ကောင်းပြီလေ၊ အချိန်ယူပြီး စဉ်းစားကြည့်ပေါ့၊ ဒါနဲ့ စကားမစပ်၊ ကြောင်ရော ပြန် လာပြီလား"

ကြောင်တဲ့ ၊ ကျွန်တော်ချက်ခြင်းအငိုက်မိသွားတယ်။ နောက်မှ ကျွန်တော်တစ်မနက်လုံး ကြောင်အကြောင်းကို သတိမရမိဘူးဆိုတာ သိလိုက်တယ်။

"မတွေ့ဘူး၊ ပြန်မရောက်သေးဘူးထင်တာပဲ"

"ရှင် အိမ်နားတစ်ဝိုက် ရှာကြည့်ပါဦးလား၊ ပျောက်တာ အခုဆို လေးရက်ရှိသွားပြီ"

ကျွန်တော်လည်း အင်း၊ အဲ လုပ်ပြီး ဖုန်းခွက်ကို ညာဘက်လက်နဲ့ ပြောင်းကိုင်လိုက်တယ်။

သူမက ဆက်ပြောတယ်။

"ကျွန်မ ထင်တယ်၊ ဒီကြောင် လမ်းကြားရဲ့ တဖက်က လူမနေတော့တဲ့ အိမ်အလွတ်ထဲမှာ ရှိလိမ့်မယ်၊ ခြံထဲမှာ ငှက်ရုပ်တုကြီးနဲ့ အိမ်လေ၊ ကျွန်မ အဲဒီမှာ ခဏခဏ တွေ့ဖူးတယ်၊ ကျွန်မပြောတဲ့ နေရာကို သိတယ်မဟုတ်လား"

"မသိဘူး၊ ငါမသိဘူးထင်တယ်" ကျွန်တော်လည်း ပြောလိုက်တယ်။

“ဒါနဲ့ မင်းဘယ်အချိန်တုန်းက အဲဒီလမ်းကြားထဲ သွားတာလဲ၊ တစ်ခါမှ လည်း မင်းမပြောဖူးပါလား”

“အို….ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန်မ ချလိုက်တော့မယ်၊ အလုပ်ကို ပြန်သွားရဦးမယ်၊ လုပ်စရာတွေ တပုံကြီးပဲ၊ ကြောင်ရှာဖို့ မမေ့နဲ့ နော်”

အဲဒီနောက် လိုင်းကျသွားတယ်။ ကျွန်တော်လည်း ကိုင်ထားတဲ့ ဖုန်းခွက်ကို ငေးနေမိပြန်တယ်။ ပြီးတော့မှ ဖုန်းခွက်ပေါ် ပြန်တင်လိုက်မိတယ်။

ကျွ န် တော့် စိ တ် ထဲ မှာ သူမ ဘယ်လိုလုပ် လမ်းကြားထဲရောက်သလဲဆိုတာ အံ့ဩနေမိတယ်။ အဲဒီကိုရောက်ဖို့ အုတ်နံရံတစ်ခုကို ကျော်ရသေးတယ်။ ပြီးတော့ သွားစရာလည်း အကြောင်းမှ မရှိတာပဲ။

ကျွန်တော်လည်း မီးဖိုခန်းထဲဝင်၊ ရေတစ်ခွက်ခပ်၊ FM ရေဒီယိုကိုဖွင့်ပြီး ကျွန်တော့်လက်သည်းတွေကို တိနေမိတယ်။ Robert Plant ရဲ့ ခွေအသစ်အကြောင်း ပြောနေတာပဲ။ ကျွန်တော်လည်း နှစ်ပုဒ်လောက် နားထောင်ပြီး နားမခံသာတာနဲ့ ပိတ်လိုက်တယ်။ ဆင်ဝင်ကိုထွက်ပြီး ကြောင်စာကျွေးတဲ့ ပန်းကန်ပြားကို ကြည့်လိုက်တယ်။ မနေ့ညထဲက ငါးခြောက်တွေက ဒီအတိုင်း၊ ဒီကြောင် ပြန်မလာသေးဘူး။

ကျွန်တော်လည်း အဲဒီဆင်ဝင်မှာ ပဲ မတ်တတ်ရပ်ပြီး နွေဦးရောက်ကာစ နေရောင်ခြည်တွေ ပက်ဖျန်းထားတဲ့ ဥယျာဉ်လေးကို ကြည့်ငေးနေမိတယ်။ ကျွန်တော်တို့ ခြံလေးက ကြည့်လိုက်ရင် စိတ်အပန်းဖြေစေမယ့် ခြံမျိုးတော့ မဟုတ်ဘူး ။ နေရောင်ခြည်က နေ့စဉ်နေ့တိုင်း ခဏတဖြုတ်ပဲ ဝင်လာတဲ့ အတွက်

မြေပြင်ကနက်မှောင်စိုစွတ်နေတယ်။ ဥယျာဉ်ရဲ့ ထောင့်တစ်ထောင့်မှာ ကျွန်တော်မကြိုက်တဲ့ ပျင်းစရာ ပန်းချုံတွေ။

အနားမှာ တော့ သစ်ပင်တစ်အုပ်၊ အဲဒီသစ်ပင်တွေဆီကနေ ငှက်အော်သံတစ်သံက သံပတ်တင်းတင်းပေးထားသလိုမျိုး။ စခရီးစခရီးနဲ့ အချိန်မှန် တွန်နေတတ်တယ်။ ကျွန်တော်တို့ က အဲဒီငှက်ကလေးကို သံပတ်ငှက်လို့ ခေါ်ကြတယ်။ ကျွန်တော့်မိန်းမပေးတဲ့ နာမည်လေ။ သူ့ရဲ့ တကယ့်နာမည်အမှန်နဲ့ ပုံပန်းသဏ္ဌာန်ကိုတော့ ကျွန်တော်တို့ မသိဘူး။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ နေ့စဉ်နေ့တိုင်း အဲဒီငှက်ကလေးက အိမ်နားက သစ်ပင်တွေမှာ လာနားပြီး ကျွန်တော်တို့ ရဲ့ တိတ်ဆိတ်နေတဲ့ ပတ်ဝန်းကျင်ကို သံပတ် လာလာပေးတယ်။

ကျွန် တော့် မှာ အဲဒီသံပတ်ငှက်ရဲ့ တွန်သံကို နားထောင်ပြီး တွေးနေမိတယ်။ ဘာကြောင့် များ ဒီကြောင်ကို ရှာဖွေဖို့ အလုပ်ဟာ ကျွန်တော့်အပေါ်ကျရောက်လာရတာလဲ။ ပြောချင်တာက တကယ်လို့ ဒီကြောင်ကို ရှာတွေ့ခဲ့ရင်ရော ကျွန်တော်က ဘာလုပ်ရမှာ လဲ။

သူ့ကိုအိမ်ခေါ် လာပြီး ဆုံးမရမှာ လား။

“ဟေ့….နားထောင်၊ ဒီမှာ မင်းကြောင့် အားလုံးစိတ်ပူကြရတယ် သိရဲ့ လား၊ နေပါဦး မင်းက ဘာကြောင့် အိမ်ပြန်မလာတာလဲ”

အဲဒီလို ပြောရမှာ လား။

“ကောင်းကွာ”လို့ ကျွန်တော်တွေးမိတယ်။ သိပ်ကောင်းတယ်၊ ကြောင်တစ်ကောင်၊ သူ့ဘာသာ သွားချင်တဲ့ နေရာသွားပြီး လုပ်ချင်ရာလုပ်တာ ဘာများမှားသလဲ။ ကျွန်တော့်မှာ သာ အသက်သုံးဆယ် ရှိပြီ။ ဘာတွေများ လုပ်နေရသလဲ။

အဝတ်လျှော်ရတယ်၊ ညစာ စီစဉ်ရတယ်။ နောက် ကြောင်နောက် လိုက်ရတယ်။

တစ်လောကအထိ ကျွန်တော်လည်း ပုံမှန်ယောကျ်ားတစ်ယောက်ပါပဲ။ ရည်မှန်းချက်တွေနဲ့ တက်ကြွနေခဲ့တာပေါ့။ အထက်တန်းကျောင်းသားဘဝတုန်းက Clarence Dorrow ရဲ့ အတ္ထုပ္ပတ္တိဖတ်ပြီး ရှေ့နေဖြစ်ချင်ခဲ့တာပေါ့။ ကျွန်တော့်အမှတ်တွေကလည်း မဆိုးပါဘူး။ အကြီးတန်းရောက်တော့လည်း ကျွန်တော့်အတန်းဖော်တွေက ကျွန်တော့်ကို အောင်မြင်မယ့်သူစာရင်းထဲသွင်းထားခဲ့ကြတယ်လေ။ အတော်အသင့် နာမည်ကြီးတဲ့ တက္ကသိုလ်တစ်ခုရဲ့ ဥပဒေတန်းကို ကျွန်တော်တက်ရောက်ခွင့်ရခဲ့တယ်။ ဒါဖြင့် ဘယ်နေရာမှာ ကျွန်တော် လွဲချော်သွားခဲ့ရတာလဲ။

ကျွန်တော်လည်း စားပွဲပေါ်လက်ထောက်ပြီး တွေးနေမိတယ်။ ဘယ်အချိန်ကများ ကျွန်တော့်ရဲ့ လမ်းပြအိမ်မြှောင်က ချွတ်ယွင်းပြီး ကျွန်တော့်ကို လမ်းမှားစေခဲ့တာလဲ။ ကျွန်တော် တွေးကြည့်လို့ မရ၊ တိကျတဲ့ အဖြေကို ရှာမရ။ ကျောင်းသားအချင်းချင်း ဘာအနှောင့်အယှက်မှ မရှိ။ တက္ကသိုလ်အပေါ် စိတ်ပျက် စိတ်ကုန်လာတာမျိုးမရှိ၊ ရည်းစားကိစ္စ အရှုပ်အထွေးတွေလည်း မရှိ၊ တကယ့်ပုံမှန် ဘဝတစ်ခုကို ရနေခဲ့တယ်လို့ ကျွန်တော်ပြောနိုင်ပါတယ်။ ဒါပေမဲ့ တစ်နေ့ ဘွဲ့ယူရမယ့်အချိန်ရောက်လာတော့ ကျွန်တော်ဟာ အရင်နဲ့ မတူတော့ဘူးဆိုတာ သဘောပေါက်လာခဲ့တယ်။

ဖြစ်နိုင်တာကကွဲလွဲမှု မျိုးစေ့လေးဟာ မျက်စိနဲ့ မမြင်နိုင်ပေမယ့် ကျွန်တော့်အထဲမှာ တစ်ချိန်လုံး ရှိနေခဲ့ပုံရတယ်။ အချိန်ကြာလာတာနဲ့

အမျှ ကွာဟမှုက ကြီးမား လာပြီး ကျွန်တော့်ကိုပုံမှန်ဘဝကနေ ဆွဲထုတ်သွားခဲ့ပုံရပါတယ်။ နေစကြဝဠာအနေနဲ့ ပြောရရင် ကျွန်တော်ဟာ အခုဆို စေတန်နဲ့ ယူရေးနပ်စ်ကြား တစ်နေရာရာမှာ ရှိသင့်နေခဲ့ပြီ။ နည်းနည်းရှေ့ကိုသွားရင် ပလူတိုကိုမြင်ရပြီ။ အဲဒီကိုကျော်ရင်ရော ဘာများ ရှိနိုင်သေးသလဲ။

ဖေဖော်ဝါရီလဆန်းထဲက ကျွန်တော်အတန်ကြာလုပ်ခဲ့တဲ့ ဥပဒေအကျိုးဆောင်အဖွဲ့က ထွက်လိုက်တယ်။ ဘာအကြောင်းမှ တော့ ထွေထွေထူးထူး မရှိပါဘူး။ အလုပ်ကို ငြီးငွေ့နေလို့ လည်း မဟုတ်ဘူး ။ မှန်ပါတယ်။ ရင်ခုန်စရာကောင်းလှတဲ့ အလုပ်တော့ မဟုတ်ပေမယ့် လစာရော၊ လုပ်ဖော်ကိုင်ဖက်တွေရော မဆိုးပါဘူး။ အလုပ်မှာ ကျွန်တော့်ရဲ့ အခန်းကဏ္ဍက တစ်ခွန်းတည်းနဲ့ ပြောရရင် အချိန်ပြည့် ရုံးအကူ။

ကျွန်တော့်ဘာသာ ကျွန်တော်တော့ အတော်လေး ကောင်းကောင်း မွန်မွန်လုပ်နိုင်ခဲ့တယ်လို့ ထင်ပါတယ်။ ကိုယ့်ကိုယ်ကို ပြောရတာတော့ မကောင်းဘူး။ ဒါပေမဲ့ ကျွန်တော်က အဲဒီလို ရုံးမှာ ချက်ချင်းလက်ငင်း ဆောင်ရွက်ရတဲ့ အလုပ်မျိုးကို ထူးချွန်တယ်။ ကျွန်တော်က တတ်လွယ်တယ်၊ စနစ်ကျတယ်၊ လက်တွေ့ကျတယ်၊ ဆင်ခြေကန်လေ့မရှိဘူး။ ဒါကြောင့် ကျွန်တော်အလုပ်ထွက်မယ်လုပ်တော့ အဖိုးကြီးက (အဖေနဲ့ သား ရှေ့နေအုပ်စုမှာ အဖေဖြစ်သူ) ကျွန်တော့်ကို လစာနည်းနည်းတိုးပေးဖို့ ဆွယ်သေးတယ်။

ဒါပေမဲ့လည်း ကျွန်တော်တစ်ခါတည်း ထွက်လိုက်တယ်။ ဘာကြောင့် ကျွန်တော်ဒီလိုတန်းပြီး ထွက်လိုက်လဲဆိုတာ

ကျွန်တော်လည်း အတိအကျမပြောနိုင်ဘူး။ တခြားတိကျတဲ့ ရည်ရွယ်ချက်တွေ၊ အလားအလာကောင်းတွေ ရှိလို့ လည်း မဟုတ်ဘူး ။ ဥပမာ အိမ်ထဲမှာ တံခါးပိတ်ပြီး ရှေ့နေစာမေးပွဲဖြေဖို့ စာဖတ်နေတာမျိုးကို ကျွန်တော်မလုပ်ချင်ဆုံးပဲ။ ကျွန်တော်ဟာ ရှေ့နေတစ်ယောက်မဖြစ်ချင်ဘူးဆိုတာ ပိုပြီး သေချာလာခဲ့တယ်။

ညစာစားရင်း ကျွန်တော့်မိန်းမကို အလုပ်ထွက်ဖို့ စဉ်းစားနေတဲ့ အကြောင်းပြောတော့ 'ကျွန်မ နားလည်ပါတယ်' တဲ့ ။ သူမ ဘာဆိုလိုတာလဲ ကျွန်တော်မသိဘူး။ ဒါပေမဲ့ အတော်ကြာတဲ့ အထိ သူမက တစ်လုံးမှ ဆက်မပြောဘူး။ ကျွန်တော်လည်း အသံတိတ်နေလိုက်တယ်။ သူမက -

"ရှင်အလုပ်ထွက်ချင်တယ်ဆိုရင်လည်း ထွက်ပေါ့၊ ဒါရှင့်ဘဝပဲ၊ ရှင်နေချင်သလိုနေပေါ့"

ဒီလောက်ပဲပြောပြီး ငါးရိုးတွေကို တူနဲ့ နှင်ကာ ပန်းကန်အစွန်းမှာ ပုံနေခဲ့တယ်။

ကျွန်တော့်မိန်းမက ဒီဇိုင်းကျောင်းတစ်ခုမှာ ရုံးအလုပ်လုပ်တယ်။ လစာအနေနဲ့ မဆိုးဘူး၊ ရုံဖန်ရံခါ တခြားမဂ္ဂဇင်းက မိတ်ဆွေတွေက သရုပ်ဖော်ပုံဆွဲဖို့ အပ်တာနဲ့ တင် အပိုဝင်ငွေ အတော်ရတယ်။ (သူမက ကောလိပ်မှာ ဒီဇိုင်းသင်ခဲ့ပြီး အလွတ်တန်း သရုပ်ဖော်ပုံဆွဲသူလုပ်ဖို့ မျှော်လင့်ခဲ့တာ) ဒီအပြင် ကျွန်တော်အလုပ်ထွက်လိုက်ရင်လည်း ခြောက်လတော့ အလုပ်လက်မဲ့ ထောက်ပံ့ကြေးရဦးမယ်။ ဆိုလိုတာက ကျွန်တော်အိမ်မှာ ပဲနေပြီးအိမ်မှုကိစ္စတွေပဲ လုပ်နေရင်တောင်မှ ကျွန်တော်တို့ မှာအပြင်ထွက်စားဖို့ ၊ သန့်ရှင်းရေးခပေးဖို့ စတဲ့ အပိုသုံးငွေအတွက် ပိုက်ဆံအလုံအလောက်ရှိနေသေးတယ်။

ကျွန်တော်တို့ အနေအစား ပျက်စရာမရှိဘူး။ ဒါနဲ့ ပဲ ကျွန်တော်လည်း အလုပ်ထွက်လိုက်တော့တယ်။

* * *

၁၂ နာရီခွဲတော့ ကျွန်တော်လည်း ထုံးစံအတိုင်း ကင်းဗတ်အိတ်ကြီး ပုခုံးမှာ လွယ်ပြီး ဈေးဝယ်ထွက်တယ်။ ပထမဆုံး ဘဏ်ကိုဝင်ပြီး ဖုန်းခနဲ့ ဓာတ်ငွေ့ဖိုးသွင်းတယ်။ ပြီးတော့ ညစာအတွက် စူပါမားကတ်တစ်ခုထဲဝင်ပြီးဝယ်ရတယ်။ ပြီးတော့ မက်ဒေါနယ်ဆိုင်ဝင်ပြီး ဒိန်ခဲဘာဂါနဲ့ ကော်ဖီဝင်သောက်တယ်။

အိမ်ပြန်ရောက်ပြီး ရေခဲသေတ္တာထဲ စားစရာတွေထည့်နေတုန်း ဖုန်းမြည်လာခဲ့တယ်။ ဖုန်းသံက ဒီတစ်ကြိမ်မှာ နည်းနည်းစိတ်မရှည်တဲ့ ပုံစံနဲ့ ကျွန်တော်လည်း တစ်ဝက်တစ်ပျက် ဖောက်ပြီးသား တိုဟူးကို စားပွဲခုံပေါ်မှာ တင်ထားခဲ့ပြီး ဧည့်ခန်းထဲပြေးပြီး ဖုန်းကိုင်လိုက်ရတယ်။

“စပါဂတီ စားပြီးလောက်ပြီ ထင်ပါရဲ့ နော်” စောစောက အမျိုးသမီးပါပဲ။

“ဟုတ်တယ်၊ စားပြီးပြီ ဒါပေမဲ့ ကျွန်တော်အခု ကြောင်ရှာထွက်ရဦးမယ်”

“ကြောင်ရှာထွက်တာများ ဆယ်မိနစ်လောက်တောင် မစောင့်နိုင်ဘူးလား”

“ကောင်းပြီလေ၊ ဆယ်မိနစ် ဟုတ်လား”

ကျွန်တော် ဘာတွေများ လုပ်မိတာလဲ။ ဘာကြောင့် မို့ သူစိမ်း မိန်းမတစ်ယောက်နဲ့ ဆယ်မိနစ်လောက် အချိန်ကုန်ခံရမှာ လဲ

ကျွန်တော်တွေးနေမိတယ်။

"ဒါဖြင့် အခု ကျွန်မတို့ တစ်ယောက်အကြောင်း တစ်ယောက်နားလည်လာကြတော့မှာ ပေါ့"

သူမက အတော့်ကို ပိုင်နိုင်တဲ့ လေသံနဲ့ ကုလားထိုင်တစ်လုံးမှ ကျကျနန ခြေချိတ်ပြီး ထိုင်ပြောနေသလို ကျွန်တော်ခံစားရတယ်။

"ဒါတော့ ကျွန်တော်မသိဘူး၊ တချို့တွေများ ဆယ်နှစ်လောက်အတူနေတာတောင်မှ တစ်ယောက်အကြောင်း တစ်ယောက်မသိဘူး" ကျွန်တော်က ပြောလိုက်တယ်။

"ကြိုးစားမကြည့်ချင်ဘူးလား" အမျိုးသမီးက စတယ်။

ကျွန်တော်လည်း လက်ပတ်နာရီချွတ်ပြီး အချိန်မှတ်ခလုတ်ကို နှိပ်လိုက်တယ်။

"ခင်ဗျား ကျွန်တော့်မှ ဘာဖြစ်လို့ ဆက်တာလဲ၊ ဘာကြောင့် တခြားလူသွားမဆက်တာလဲ"

"ကျွ န် မ မှာ အကြောင်းရှိတယ်" သူမက ရှင်းရှင်းလင်းလင်း တစ်လုံးချင်းပြောနေခဲ့တယ်။ အစားအသောက်ကို တစ်ကိုက်ချင်းဖွဲ့ဝါးပြီး မြည်းကြည့်နေသလိုမျိုး။

"ကျွန်မက ရှင့်အကြောင်း အကုန်လုံး ကြားထားတယ်"

"ဘယ်တုန်းကလဲ ဘယ်နားမှာ လဲ"

"တစ်နေရာ တချိန်ချိန်မှာ ပေါ့၊ ဒါပေမဲ့ အဲဒါ ဘာအရေးပါလို့ လဲ၊ အရေးကြီးတာက အခုပဲ ပစ္စုပ္ပန်ပဲ၊ အဲဒီအကြောင်းတွေပြောနေလို့ အချိန်ကုန်တာပဲရှိမယ်၊ ကျွန်မမှာ တစ်ကမ္ဘာလုံးက အချိန်တွေကို

မပိုင်ဘူးဆိုတာ ရှင်လည်း အသိပဲ”

“ဒါပေမဲ့ ခင်ဗျား ကျွန်တော့်ကို သိတယ်ဆိုတာ သက်သေပြဖို့ တော့ လိုမယ်”

“ဥပမာအားဖြင့်”

“ဆိုကြပါစို့၊ ကျွန်တော့်အသက် ပြောနိုင်မလား”

“သုံးဆယ်” သူမက မဆိုင်းမတွ ဖြေတယ်။

“သုံးဆယ်နဲ့ နှစ်လဆို ရပြီလား”

ကျွန်တော်ဘာမှ မပြောနိုင်တော့ဘူး၊ သူမ ကျွန်တော့်ကို သိတယ်ဆိုတာတော့ သေချာတယ်။ ဒါပေမဲ့ သူမအသံကို ဘယ်မှာ ကြားဖူးလဲ။ ကျွန်တော် ဘယ်လိုမှ စဉ်းစားလို့ မရဘူး။ ကျွန်တော်က သာမန်အားဖြင့် တစ်ယောက်ယောက်ရဲ့ အသံကို မမှတ်မိတာမျိုး၊ မှားယွင်းတာမျိုးမရှိ၊ မျက်နှာတွေ နာမည်တွေကမှ မေ့ချင်မေ့နေဦးမယ် အသံကိုတော့ ဘယ်တော့မှ မမေ့။

“ဒီတစ်ခါတော့ ရှင့်အလှည့်ပဲ၊ ကျွန်မနဲ့ ပတ်သက်ပြီး ရှင်ဘာများ ပြောနိုင်မလဲ” ညုတုတု အသံနဲ့ သူမက ပြောတယ်။

“ကျွန်မအသံကိုနားထောင်ပြီး ကျွန်မဘယ်လိုမျိုးရှိမလဲဆိုတာ စိတ်ကူးကြည့်၊ ကျွန်မက ဘယ်လိုမိန်းမမျိုးလဲ၊ ရှင် ကျွန်မကို ပုံဖော်နိုင်မလား၊ ဒါမျိုး ရှင်ကျွမ်းကျင်တယ်မဟုတ်လား”

“မပြောတတ်ဘူး”

“အို….လုပ်ပါ၊ ကြိုးစားကြည့်ပါဦးရှင်ရဲ့ ”

ကျွန်တော်နာရီကို လှမ်းကြည့်လိုက်တယ်။ တစ်မိနစ်ခွဲတောင်

မရှိချင်သေးဘူး။

ကျွန်တော်လည်း လက်လျှော့ပြီး သက်ပြင်းချလိုက်တယ်။ ကြည့်ရတာ ကျွန်တော့်မှာ သူမကို လက်ခံစကားပြောမိပြီးမှ နောက်ပြန်ဆုတ်လို့ မရ။ ကျွန်တော်ဟာ မှန်းဆရတဲ့ ကစားပွဲတွေရဲ့ အထာကို သိပါတယ်။

"သုံးဆယ်နီးနီး၊ တက္ကသိုလ်ဘွဲ့ရ၊ တိုကျိုသူ၊ အဆင့်မြင့် လူလတ်တန်းစားအသွာမှာ ကြီးပြင်းလာတဲ့ သူ" ကျွန်တော်ရမ်းပြီး ပစ်ထည့်လိုက်တယ်။

"အံ့ဩစရာပါလား" သူမက စီးကရက်မီးခြစ်ကို ဖုန်းခွက်နဲ့ ခေါက်ပြီးပြောတယ်။ "ဆက်ပါဦး"

"ရုပ်က ကြည့်ပျော်ရှုပျော်ပဲ၊ အနည်းဆုံးတော့ မင်းကိုယ်မင်း အဲဒီလိုထင်နေတယ်၊ ဒါပေမဲ့ မင်းမှာ သိမ်ငယ်စိတ်တစ်မျိုးရှိမယ်၊ အရပ်အရမ်းပုတာမျိုး၊ ရင်သားအရမ်းသေးတာမျိုး စသဖြင့်ပေါ့"

"အရမ်းနီးစပ်ပါတယ်" အမျိုးသမီးက တခစ်ခစ်ရယ်ပြီး ပြောတယ်။

"မင်းက အိမ်ထောင်ရှိပေမယ့် သိပ်အဆင်ပြေလှတယ် မဟုတ်ဘူး ၊ ပြဿနာလေးတွေရှိတယ်၊ ဘယ်အမျိုးသမီးမှ ရင်ဖွင့်စရာမရှိဘဲ ယောကျ်ားတစ်ယောက်ဆီကို နာမည်မပြောဘဲ ဖုန်းဆက်မှာ မဟုတ်ဘူး ၊ အခုထိတော့ မင်းကို ဘယ်သူဘယ်ဝါတော့ မပြောနိုင်သေးဘူး၊ အရင်က မင်းနဲ့ လုံးဝ စကားမပြောဖူးတာလဲ ဖြစ်နိုင်တယ်၊ ဘယ်လိုပဲတွေးတွေး မင်းရဲ့ ပုံကို ဖမ်းလို့ မရဘူး"

"အိုး....ဟုတ်လား"

သူမက ကျွန်တော့်ဦးခွံထဲကို ပျော့ပျောင်းတဲ့

သပ်တစ်ချောင်းရိုက်ထည့်ဖို့ တိုးတိုးတိတ်တိတ် တွက်ချက်နေပုံနဲ့ ပြောလိုက်တယ်။

“ရှင့်ကိုယ်ရှင် ဘာကြောင့် ဒီလောက်သေချာနေရတာလဲ။ တ စ် နေ ရာ ရာ မှာ မျက်စိလျှမ်းနေတာမျိုးရော မရှိနိုင်ဘူးလား၊ ရှင်နည်းနည်းလေး ခေါင်းအေးအေးနဲ့ စဉ်းစားကြည့်ပါဦး၊ ရှင့်လို ဦးနှောက်နဲ့ အရည်အချင်းရှိသူတစ်ယောက်အနေနဲ့ ”

“မင်းက ငါ့ကို အများကြီး မျှော်လင့်ထားတာကိုး၊ ငါက မင်းဘယ်သူဆိုတာလဲမသိဘူး၊ နောက်ပြီး မင်းထင်နေသလို အံ့သြစရာကောင်းတဲ့ သူလည်း မဟုတ်ဘူး ”

“ရှင်နဲ့ ပတ်သက်တဲ့ ကိစ္စတစ်ခုရှိခဲ့တယ်၊ အတော်ကြာခဲ့ပြီ”

“အတော်ကြာခဲ့ပြီဟုတ်လား” ကျွန်တော်က ထောက်ပေးတယ်။

နှစ်မိနစ်နဲ့ ငါးဆယ့်သုံးစက္ကန့်။

“သိပ်အကြာကြီးတော့မဟုတ်ပါဘူး၊ ကျွန်မတို့ က သမိုင်းအကြောင်းပြောနေတာမှ မဟုတ်တာ”

“ဟုတ်တယ် ငါတို့ သမိုင်းအကြောင်း ပြောနေကြတာပဲ” ကျွန်တော်က ပြောလိုက်တယ်။

မျက်စိမှောက်နေတာတဲ့ လား။ ဒီမိန်းမပြောတာလည်း ဖြစ်နိုင်တယ်။ ကျွန်တော့်ရဲ့ ခေါင်းထဲ၊ ခန္ဓာကိုယ်ထဲ ဖြစ်တည်မှုထဲ တ စ် နေ ရာ မှာ ကာလကြာရှည်နှစ်မြုပ်နေတဲ့ အစိတ်အပိုင်းတစ်ခုက ကျွန်တော့်ဘဝကို နည်းနည်းပဲဖြစ်ဖြစ် တိမ်းစောင်းသွားစေတာမျိုး။

မဟုတ်ဘူး ၊ အဲဒီလိုဆိုရင်တောင်မှ နည်းနည်းလေးပဲ တိမ်းစောင်းမှာ မဟုတ်ဘူး ။ အဖတ်ဆယ်မရအောင်ဖြစ်မှာ ။

“ကျွန်မက အခု ခုတင်ပေါ်ကပြောနေတယ်၊ ရေချိုးပြီးခါစပဲ၊ ဘာမှ မဝတ်ထားဘူး”

အိုး….ဒီလိုလား၊ အလကား ထုံးစံအတိုင်း ဖုန်းနဲ့ လိင်စကားပြောနေတာပါလား

“ရှင် ကျွန်မကို တစ်ခုခု ဝတ်ထားစေချင်လား၊ စတော့ကင်းဖြစ်ဖြစ်၊ ဇာနားတပ် အတွင်းခံဖြစ်ဖြစ် ရှင့်အတွက် ပိုကောင်းမလားလို့ ပါ”

“မင်းဟာမင်း ဝတ်ချင်တာသာဝတ် ကျုပ်ဘာမှ မပြောဘူး၊ ဆောရီးပဲ ကျုပ် ဒီလိုတယ်လီဖုန်း ဂိမ်းမျိုးတွေကို စိတ်မဝင်စားဘူး၊ ကျုပ်မှာ လုပ်စရာတွေတစ်ပုံကြီး”

“ဆယ်မိနစ်ပဲလေ၊ ဆယ်မိနစ်နဲ့ တော့ ရှင်ဘာမှ မဖြစ်သွားနိုင်ပါဘူး၊ ရှင့်ဘဝ ပေါက်ပြဲသွားမှာ မဟုတ်ပါဘူး၊ ကျွန်မ ဘာမှ ထပ်ပြီး မတောင်းဆိုပါဘူး၊ တကယ့်ကို စေတနာကောင်းနဲ့ ပါ၊ ဘာပဲဖြစ်ဖြစ် ကျွန်မမေးတာကိုသာ ဖြေစမ်းပါ ကျွန်မကို ဒီတိုင်းရှိစေချင်တာလား၊ တစ်ခုခု ဝတ်ထားစေချင်တာလား၊ ကျွန်မမှာ ဝတ်စရာတွေ တပုံကြီးပဲ”

“ဒီအတိုင်းပဲ ကောင်းပါတယ်၊ မင်း ထစရာမလိုတော့ဘူးပေါ့”

လေးမိနစ် ရှိသွားခဲ့ပြီ။

“ကျွန်မ ခန္ဓာကိုယ်က စိုနေတုန်းပဲ၊ ကျွန်မကိုယ်ကျွန်မ ခြောက်အောင်တောင် မသုတ်ရသေးဘူး၊ အို…စိုရွဲလို့ ၊ နွေးထွေးစိုစွတ်နေတယ်၊ နူးညံ့လိုက်တာ၊ ကျွန်မကို ထိကြည့်စမ်းပါဦး”

“ဒီမှာ စိတ်မရှိဘူးဆိုရင်….”

သူမအသံကို နားထောင်ပြီး ဟန်ဆောင်နေတာ မဟုတ်ဘူး ဆိုတာ သိလိုက်တယ်။ ကျွန်တော်လည်း စကားတစ်လုံးမှ ဆက်မပြောတော့ဘဲ

ဖုန်းချလိုက်တယ်။ ဆိုဖာပေါ်မှာ လှိမ့်လိုက်ပြီး စီးကရက်ကို မီးညှိကာ မျက်နှာကြက်ကို ငေးကြည့်နေလိုက်တယ်။ နာရီက ငါးမိနစ် နှစ်ဆယ့်သုံးစက္ကန့်မှာ မြည်တယ်။

ကျွန်တော်လည်း မျက်လုံးကို မှိတ်လိုက်တော့ အမှောင်က ကျဆင်းလာတယ်။ အရောင်တွေနဲ့ သုတ်လိမ်းထားတဲ့ အမှောင်၊ ဘယ်လိုဖြစ်တာလဲ။ ဘာကြောင့် ကျွန်တော့်ကို အေးအေးဆေးဆေး နေလို့ မရအောင် လုပ်နေကြတာလဲ။

ဆယ်မိနစ်တောင်မကြာပါဘူး၊ ဖုန်းမြည်လာပြန်တယ်။ ဒီတစ်ခါတော့ ကျွန်တော်မကိုင်တော့ဘူး။ ဖုန်းက ဆယ့်ငါးကြိမ်လောက်မြည်နေတယ်။ ဖုန်းသံရပ်သွားတာနဲ့ အခန်းထဲမှာ တိတ်ဆိတ်မှုက လွှမ်းခြုံလို့ လာတယ်။ အေးစက်နေတဲ့ တိတ်ဆိတ်မှုက လွန်ခဲ့တဲ့ အနှစ်ငါးထောင်က ရေခဲခေတ်ကို ပြန်ရောက်သွားသလိုပဲ။ ဖုန်းသံ ဆယ့်ငါးကြိမ်က ကျွန်တော့်ပတ်ဝန်းကျင်လေထုရဲ့ အရည်အသွေးကို ထူးထူးခြားခြား ပြောင်းလဲပစ်စေခဲ့တယ်။

နှစ်နာရီမထိုးမီမှာ ပဲ ကျွန်တော်လည်း အုတ်နံရံပေါ်တွယ်တက်ပြီး လမ်းကြားထဲဆင်းလိုက်တယ်။ တကယ်တော့ လမ်းကြားလို့ သာ ခေါ်ရပေမယ့် ဘယ်လိုလမ်းမျိုးနဲ့ မှ အကျုံးမဝင်ဘူး။ တခြား ခေါ်စရာ အမည်နာမလည်း မရှိလို့ ခေါ်ရတာ။ လမ်းဆိုတာကတော့ အဝင်အထွက်ရှိတဲ့ ၊ တစ်နေရာရာကိုရောက်အောင် ဆက်သွယ်ပေးထားတဲ့ အရာမဟုတ်လား။ ဒါပေမဲ့ ကျွန်တော်တို့ ရဲ့ လမ်းကြားဆိုတာက အဝင်လည်း မရှိ အထွက်လည်း မရှိ။ တစ်ဖက်ပိတ်လမ်းလို့ တောင် ခေါ်လို့ မရဘူး။ တစ်ဖက်ပိတ်လမ်းက အနည်းဆုံးတစ်ဖက်က ပွင့်နေသေးတယ်။ ဒီလမ်းကြားက

နှစ်ဖက်ပိတ်လမ်း။ အိမ်နီးနားချင်းတွေက လမ်းကြားလို့ ခေါ်တယ်ဆိုတာကလည်း တစ်ခါတစ်ခါ လိုအပ်မှ ပါ။ လမ်းကြားက ကိုက်ခြောက်ရာလောက်ရှည်ပြီး တစ်ဖက်တစ်ချက်က ကျောပေးထားတဲ့ အိမ်တွေနဲ့ ။ နောက်ဖေးလမ်းကြားက သုံးပေလောက်ပဲကျယ်ပြီး ခြံစည်းရိုးက လမ်းပေါ်ထိုးထွက်တဲ့ နေရာ ထိုးထွက်၊ သုံးပြီးထားခဲ့တဲ့ ပစ္စည်းတွေနဲ့ ဆိုတော့ နေရာအတော်များများမှာ ကွေ့ပတ်သွားရတယ်။

ဒီလမ်းကြားရဲ့ ဇာတ်လမ်းကို ကျွန်တော့်ကို ဒီအိမ်ငှားထားတဲ့ ဦးလေးပြောပြတာက အရင်က အဝင်အထွက်ရှိခဲ့ပြီး ဖြတ်လမ်းအနေနဲ့ သုံးခဲ့ကြတယ်။ ဒါပေမဲ့ စစ်အပြီးကာလတွေမှာ စီးပွားရေးဖွံ့ဖြိုး လာပြီး လမ်းတစ်ဖက်တစ်ချက်က မြေကွက်လွတ်တွေမှာ အိမ်အသစ်တွေဆောက်လာကြတယ်။ အဲဒီကနေ အခုလိုကျပ်ညပ်နေတဲ့ လမ်းကြားလေးတစ်ခုဖြစ်လာတာပဲ။ လူတွေက သူတို့ အိမ်တွေအနား လူစိမ်းတွေ ဖြတ်သွားတာ သိပ်မကြိုက်ကြဘူး၊ ဒီတော့ သိပ်မကြာဘူး လမ်းတစ်ဖက်ကို ခြံစည်းရိုးနဲ့ ပိတ်လိုက်တယ်၊ နောက်တစ်ယောက်ကတော့ သူ့ရဲ့ ခြံကိုချဲ့ရင်း သူ့ဘက်ကလမ်းကို အုတ်နံရံနဲ့ ကို ပိတ်လိုက်တော့တယ်။ လက်တုန့်ပြန်တဲ့ အနေနဲ့ အခြားတစ်ဖက်ကလည်း သံဆူးကြိုးတွေနဲ့ ခွေးတောင် ဖြတ်လို့ မရအောင် ပိတ်လိုက်တော့တယ်။ ဘယ်အိမ်နီးနားချင်းမှ လည်း မပြောကြဘူး။ ဘယ်သူမှ လည်း ဒီလမ်းကြားကို မသုံးကြတော့ဘူးလေ။ အခုလို အထပ်ထပ်ကာထားတော့ ပိုတောင်မှ လုံခြုံသေးတယ်ဆိုပြီး ကျေနပ်နေကြတာ။ အဲဒီတော့ လမ်းကြားလေးဟာ စွန့်ပစ်ထားတဲ့ တူးမြောင်းလေးလို အိမ်တန်းနှစ်ခုကြား ကြားနယ်မြေအနေနဲ့ ရှိနေခဲ့တယ်။ ပင့်ကူမျှင်တွေတောင်မှ တွယ်လို့ ။ ဘာကြောင့် များ

ကျွန်တော့်မိန်းမက ဒီနေရာကို ခဏခဏရောက်ရတာလဲ၊ ကျွန်တော် ဉာဏ်မမီ၊ ကျွန်တော်ကိုယ်၌ တောင်မှ နှစ်ကြိမ်လားပဲ ရောက်ဖူးတာ။ ပြီးတော့ သူက ပင့်ကူလည်း ကြောက်တတ်သေး။ ကျွန်တော် စဉ်းစားကြည့်တဲ့ အခါ ကျွန်တော့်ခေါင်းတစ်ခုလုံးက အခိုးတွေဝေနေတာ ပေါက်ကွဲထွက်မတက်ပဲ။ ညက ကောင်းကောင်း မအိပ်ရသေး၊ မေလဆန်းရဲ့ ရာသီဥတုကလည်း ပူလွန်းတယ်၊ တယ်လီဖုန်းသံတွေကလည်း ထိတ်လန့်ဖွယ်ရာ။

အိုး…ကောင်းပြီလေ၊ လမ်းကြားထဲသွားပြီး ကြောင်ကိုရှာခဲ့ဆို ရှာရုံပေါ့။ နောက်ကိစ္စ နောက်မှ စဉ်းစားလို့ ရတာပဲ။ အပြင်ထွက်လမ်းလျှောက်ရတာ အခုလို အိမ်ထဲမှာ နေပြီး ဖုန်းသံကို စောင့်နေရတာထက်တော့ အများကြီးသာပါသေးတယ်။ နွေဦးရာသီရဲ့ တောက်ပတဲ့ နေရောင်ဟာ ယှက်ဖြာမိုးထားတဲ့ သစ်ကိုင်းသစ်ရွက်တွေကြားကနေ လမ်းကြားရဲ့ မျက်နှာပြင်မှာ အပြောက်အစင်းတွေ ဖြစ်စေတယ်။ လေမတိုက်တဲ့ အခါ သစ်ကိုင်းတွေကလည်း ငြိမ်လို့ အရိပ်တွေက ထာဝရဆေးဆိုးထားသလိုမျိုး လူသွားလမ်းလေးပေါ်မှာ ကျနေခဲ့တယ်။ အကိုင်းတွေအောက်က ဖြတ်သွားတဲ့ အခါ အရိပ်တွေက ကျွန်တော့် ရှပ်အင်္ကျီပေါ် ထိုးကျလို့ ပြီးမှ မြေကြီးပေါ် ပြန်ရောက်သွားတယ်။ ဘယ်လိုအသံမျိုးမှ ဒီနေရာကို ရောက်မလာဘူး။ မြက်ပင်တွေ နေ ရော င် အော က် မှာ အသက်ရှူနေတာကိုတောင် ကြားနိုင်လောက်တယ်။ တိမ်တအုပ် ကောင်းကင်မှာ ဖြတ်သွားတယ်။ အဲဒီရဲ့ အရိပ်တွေက ပြတ်သားထင်ရှားနေလိုက်တာ အလယ်ခေတ် ကျောက်ထွင်းလက်ရာတွေအတိုင်းပဲ။ အရာရာတိုင်းကို ပြတ်ပြတ်သားသား ထင်ထင်ရှားရှား မြင်နေရတဲ့ အတွက်

ကျွန်တော့်ခန္ဓာကိုယ်ကိုတောင်မှ အနားသတ်မရှိ စီးမျောနေတဲ့ အကောင်ကြီးလို ခံစားမိလာတယ်။ တကယ့်ကို ဆိုးဆိုးရွားရွား ပူလှပါတယ်။

ကျွန်တော်လည်း တီရှပ်နဲ့ ချည်ဘောင်းဘီပါးကိုဝတ်၊ တင်းနစ်ဖိနပ်ကိုစီးကာ နေရောင်အောက်မှာ လျှောက်နေခဲ့တယ်။ နွေရာသီအဝတ်အစားတွေထည့်တဲ့ သေတ္တာထဲက ဆွဲထုတ်လာခဲ့တဲ့ တီရှပ်နဲ့ ဘောင်းဘီက ပရုပ်နံ့စူးစူးလေးတောင် နှာခေါင်းထဲမှာ သင်းနေသေးတယ်။ ကျွန်တော်လည်း လမ်းနှစ်ဘက်လုံးကို ချောင်းကြည့်ပြီး ဖြည်းဖြည်းလေးပဲ လျှောက်လာတယ်။ မကြာခဏရပ်ပြီး ကြောင်ရဲ့ နာမည်ကို တိုးတိုးသက်သာ ခေါ်နေခဲ့တယ်။

လမ်းကြားကို တစ်ဖက်တစ်ချက် ညှပ်ထားတဲ့ အိမ်တွေကို နှစ်မျိုးနှစ်စားခွဲလို့ ရတယ်။ သိပ်သည်းဆမတူတဲ့ အရည်နှစ်မျိုးလိုပဲ။ ရောနှောလို့ နေကြတယ်။ပထမတစ်မျိုးကတော့ ခြံကျယ်ကြီးတွေရှိတဲ့ အိမ်ဟောင်းတွေ၊ အိမ်သစ်တွေကတော့ သေးငယ်ပြီး ဝင်းကလည်း ကျဉ်းတယ်။ ဒီတော့ အဝတ်လှန်းတဲ့ တိုင်တွေက အမြဲလမ်းကြားထဲကို ထိုးထွက်နေကြတယ်။ မျက်နှာသုတ်ပုဝါတွေ၊ အိပ်ရာခင်းတွေ၊ အတွင်းခံတွေကို ကျွန်တော့်မှာ ဂရုတစိုက် ကွေ့ရှောင်သွားရတယ်။ လမ်းကြားနဲ့ နီးလွန်းလို့ အချို့နောက်ဖေးနံရံတွေကနေ ရုပ်မြင်သံကြားအသံတွေ၊ ရေအိမ်ဆွဲချသံတွေ၊ ဟင်းနံ့တွေတောင်ရတယ်။

အိမ်ဟောင်းကြီးတွေကတော့ ဆန့်ကျင်ဘက်ပဲ သက်ရှိအရိပ်အယောင်ကင်းမဲ့လို့ ၊ ပုဏ္ဏာရိပ်ပင်လိုမျိုးတွေနဲ့ အသေအချာ

ကာရံထားတဲ့ ခြံထဲကို ဖြတ်ခနဲကြည့်လိုက်ရင် ကျကျနန အလှဆင်ထားတဲ့ ဥယျာဉ်ကိုတွေ့နိုင်တယ်။ အိမ်တွေကလည်း ဗိသုကာပုံစံအမျိုးမျိုးနဲ့ ရိုးရာဂျပန်စတိုင်ကတော့ စကြံရှည်ကြီးတွေနဲ့ ၊ ရှေးကျတဲ့ အနောက်တိုင်း ဗွီလာကြီးတွေက ရေညှိတက်နေတဲ့ သွပ်ပြားတွေနဲ့ မို့ လတ်တလော မော်ဒန်အိမ်မျိုးတွေ ပြန့်ပြူပြင်ထားကြတယ်။ တူတဲ့ အချက်ကတော့ အဲဒီမှာ နေနေတဲ့ သူတွေကို မတွေ့ရတော့တာပဲ။ အသံလည်း မကြား၊ လူသူအရိပ်အယောင်လည်း မတွေ့၊ သတိထားစရာ အဝတ်လှန်းတိုင်တွေလည်း မရှိ။

ကျွန်တော့်အတွက် အေးအေးလူလူ လမ်းကြားထဲထွက်တာ ဒါ ပထမဆုံးအကြိမ်ဆိုတော့ အရာရာတိုင်းက မျက်စိထဲမှာ သစ်ဆန်းလို့ နေတယ်။ ညိုမည်းပြီး ခြောက်ကပ်နေတဲ့ ခရစ်စမတ် သစ်ပင်အိုကြီးက ခြံထောင့်မှာ ၊ ကလေးတွေ ပစ်သွားလို့ ကစားစရာအရုပ်တွေ စုပုံနေတဲ့ ခြံတွေလည်း ရှိသေး၊ အဲဒီမှာ သုံးဘီးဆိုင်ကယ်တွေ။ ကွင်းပစ်ကစားတဲ့ ကြိုးတွေ၊ ပလတ်စတစ်ဓားတွေ၊ ရာဘာဘောလုံးတွေ၊ လိပ်ရုပ်လေးတွေ၊ သစ်သားထရပ်ကားတွေနဲ့ ပြည့်လို့ ၊ ခြံတစ်ခြံမှာ ဆို ဘတ်စကတ်ဘောကွင်းနဲ့ နောက်တစ်ခြံမှာ ဆို မြက်ခင်းပြင်ထိုင်ခုံနဲ့ ကြွေစားပွဲခုံနဲ့ ။ အဖြူရောင်ထိုင်ခုံတွေက ဖုန်အလိမ်းလိမ်းနဲ့ လနဲ့ နှစ်နဲ့ ချီပြီး ပစ်ထားသလိုပဲ။ စားပွဲမျက်နှာပြင်ကို လာဗန်ဒါပန်းတွေနဲ့ ချယ်သထားပေမယ့် မိုးတိုက်စားခံထားရရှာတယ်။

အိမ်တစ်အိမ်ဆို လျှောထိုး မှန်တံခါးကနေ ဧည့်ခန်းထဲကို ရှင်းရှင်းလင်းလင်းမြင်နေရတယ်။ သားရေဆိုဖာခုံတွေ၊ တီဗွီကြီးတစ်လုံး၊ မြေအောက်ခန်းရဲ့ အပေါ်က အလှမွေးငါးကန်၊ ပရိဘောဂနဲ့ အလှဆင်မီးလုံးတွေကို လိုက်ဖက်စွာတပ်ဆင်ထားတယ်။

အခန်းက တီဗီဇာတ်လမ်းထဲကလို အစစ်အမှန် မဟုတ်သလို ခံစားရတယ်။ နောက်တစ်ခြံမှာ တော့ ခွေးအိမ်အကြီးကြီးတစ်ခု၊ တံခါးက ဖွင့်ရက်သားနဲ့ ခွေးတော့မတွေ့ရ။ ခွေးအိမ်တံခါးက လနဲ့ ချိပြီး အမှီခံထားရတဲ့ အတွက် အပြင်ကို ဖောင်းထွက်နေတယ်။

ကျွန်တော့်မိန်းမပြောတဲ့ လူမနေတဲ့ အိမ်က ခွေးအိမ်အကြီးကြီးရှိတဲ့ အိမ်ရဲ့ အကျော်လေးပဲ။ တစ်ချက်ကြည့်လိုက်တာနဲ့ တင် အချိန်ကာလ အတော်ကြာ လူမနေဘူးဆိုတာ သိနိုင်တယ်။ အိမ်ကတော့ အတန်အသင့် သစ်သေးတဲ့ နှစ်ထပ်အိမ်ပါ။ သူ့ရဲ့ သစ်သားလှေကားကို ကြည့်ရတာ အတော် ယိုယွင်းနေပြီး အပေါ်ထပ် ပြတင်းပေါက်လက်ရန်းတွေကလည်း သံချေးလိုက်ပြီး ပြိုကျမတတ်ဘဲ။ အိမ်က ခြံကလေးဝင်းကလေးနဲ့ သက်သောင့်သက်သာရှိတယ်။ ခြံထဲမှာ ကျောက်တုံးနဲ့ ထုထားတဲ့ ငှက်ရုပ်တုတစ်ခု၊ ရုပ်တုက ပေါင်းမြက်တွေ ထူထပ်စွာ ဝိုင်းရံလို့ နေတဲ့ ရင်ဘတ်လောက်မြင့်တဲ့ အထိုင်ပေါ်မှာ ရှိတယ်။ အရွက်ရှည်တွေက ငှက်ရဲ့ ခြေထောက်တွေကို ထိလုနီးနီးပဲ။ ငှက်က ဘယ်လိုငှက်မျိုးလဲတော့ ကျွန်တော်မသိ။ ဒါပေမယ့် သူ့ရဲ့ ပြန့်ကားနေတဲ့ တောင်ပံတွေက ဒီမသာယာလှတဲ့ အရပ်ကနေ အမြန်ဆုံး ပျံပြေးဖို့ ကြိုးစားနေသလိုပဲ။ ငှက်ရုပ်ကလွဲပြီး ခြံထဲမှာ ပြုပြုပြင်ပြင် အလှဆင်ထားတာမျိုး မရှိဘူး။ ပလတ်စတစ် မြက်ခင်းထိုင်ခုံအဟောင်းတွေက အိမ်ဘေးမှာ မှီပြီး အပုံလိုက် ထပ်ထားတယ်။ ဘေးမှာ တော့ နီနီရဲရဲ ပွင့်နေတဲ့ ချုံပင်တွေ၊ သူ့အရောင်က ထူးထူးခြားခြားနဲ့ အစစ်အမှန် မဟုတ်သလိုပဲ။ ကျန်နေရာတွေမှာ တော့ ပေါင်းမြက်တွေချည်းပဲ။

ကျွန်တော်လည်း ရင်ဘတ်လောက်အမြင့်ရှိတဲ့ ခြံစည်းရိုးကိုမှီပြီး ခဏလောက်ရပ်ကာ စဉ်းစားနေမိတယ်။ ဒီနေရာဟာ

ကြောင်တွေအတွက် နိဗ္ဗာန်ဘုံဖြစ်ကောင်းဖြစ်မယ်။ ဒါပေမဲ့ အခုတော့ အရိပ်အယောင်တောင် မတွေ့ရဘူး။ အိမ်ခေါင်မိုးပေါ်က တီဗီအင်တာနာတိုင်ပေါ်မှာ တော့ ခိုတစ်ကောင်က အနိမ့်အမြင့်မရှိတဲ့ အသံနဲ့ အော်ဟစ်လို့ ကျောက်တုံးငှက်ရဲ့ အရိပ်ကတော့ ပေါင်းမြက်တွေပေါ်ထိုးကျလို့ ပုံသဏ္ဌာန်အမျိုးမျိုးရှိတဲ့ အပိုင်းအစတွေ ဖြစ်သွားစေတယ်။

ကျွန်တော်လည်း အိတ်ထဲက စီးကရက်ကိုထုတ်ပြီး မီးညှိလိုက်တယ်။ ခြံစည်းရိုးကိုတော့ တစ်ချိန်လုံးမှီထားတယ်။ ခိုကတော့ တုတ်တုတ်မှ မလှုပ်ဘဲ မှန်မှန်လေး အဆက်မပြတ် တွန်နေခဲ့တယ်။ စီးကရက်ကုန်သွားတော့ မြေကြီးပေါ်မှာ ချပြီး နင်းခြေလိုက်တယ်။ ကျွန်တော်အကြာကြီး မလှုပ်မယှက် နေနေခဲ့တယ်။ ဘယ်လောက်ကြာသွားမှန်းတောင် မသိပါဘူး။ ကျွန်တော့်မှာ ကျောက်တုံးငှက်ရဲ့ အရိပ်ကိုပဲ မေ့မေ့မျောမျော ကြည့်နေမိတယ်။ ဘာမှလည်း မတွေးနိုင်ပါဘူး။ တကယ်လို့ တွေးနေခဲ့ရင်တောင်မှ အသိစိတ်ရဲ့ လက်လှမ်းမမီတဲ့ တစ်နေရာမှာ တွေးနေခဲ့တာပဲ။ စိတ်အာရုံမှာ ထင်ဟပ်တဲ့ အတိုင်း ပြောရရင်တော့ ကျွန်တော်ဟာ မြက်ပင်ရှည်ကြီးတွေပေါ် ထိုးကျနေတဲ့ ငှက်ရဲ့ အရိပ်ကို ငေးနေခဲ့တယ်ပေါ့။ တဖြေးဖြေးနဲ့ ကျွန်တော် သတိထားမိလာတယ်။ အသံတသံလားပဲ၊ ဘယ်သူ့အသံလဲ၊ တစ်ယောက်ယောက် ခေါ်နေပုံရတယ်။

ကျွန်တော်လှည့်ကြည့်လိုက်တော့ လမ်းကြားရဲ့ တစ်ဖက်ခြမ်းခြံထဲမှာ ရပ်နေတဲ့ ကောင်မလေးတစ်ယောက်၊ ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်လောက်ပဲရှိမယ်။ သူမက လူကောင်သေးသေးနဲ့ ဆံပင်က တိုတိုဖြောင့်ဖြောင့် ကောင်မလေးက

အပြာဖျော့ဖျော့ Adidas လက်ပြတ်တီရှပ်ကိုဝတ်ထားပြီး ပယင်းရောင်ကိုင်းနဲ့ နေကာမျက်မှန်ကိုတပ်လို့ ထားတယ်။ မေလပဲရှိသေးတယ်။ သူမကတော့ သွယ်လျလျ လက်မောင်းတွေကို ချောမွတ်ပြီး အညိုရောင်လေးဖြစ်နေအောင် နေပြနေခဲ့တယ်။ လက်တစ်ဖက်က ဘောင်းဘီတိုအိတ်ထဲ လက်ထည့်လို့ ၊ နောက်တဖက်က ခါးလောက်ရှိတဲ့ ဝါးတံခါးပေါ်မှာ တင်လို့ ထားတယ်။ သူမက ကန္တွဲ့ကလျလေး ရပ်နေခဲ့တယ်။

"ပူတယ်နော်" တဲ့ သူမက စပြောတယ်။

"ဟုတ်တယ်" လို့ ကျွန်တော်လည်း ပြန်ဖြေလိုက်တယ်။

လာပြန်ပြီလားလို့ ကျွန်တော်တွေးလိုက်တယ်၊ ဒီနေ့တစ်နေ့လုံး မိန်းမတွေနဲ့ ချည်း စကားပြောနေရပါလား။

"စီးကရက်ပါသလား" သူမက မေးလိုက်တယ်။

ကျွန်တော်လည်း ဘောင်းဘီအိတ်ထဲက Hope စီးကရက်ဘူးကို ထုတ်ပြီး သူမကို ကမ်းလိုက်တယ်။ သူမက ဘောင်းဘီထဲကလက်ကိုထုတ်ပြီး စီးကရက်တလိပ်ဆွဲယူကာ နှုတ်ခမ်းမှာ မတော့ခင် တစ်ချက်ကြည့်လိုက်သေးတယ်။ သူမပါးစပ်က ကျဉ်းကျဉ်းလေး၊ အပေါ်နှုတ်ခမ်းက နည်းနည်းလေး အပေါ်လန်နေတယ်။ ကျွန်တော်က မီးခြစ်ထုတ်ပြီး သူမကို မီးညှိပေးလိုက်တယ်။ သူမက ရှေ့ကိုငုံ့လိုက်တဲ့ အခါ ဆံပင်တွေက လျောဆင်းသွားပြီး ချောမွတ်လှပတဲ့ နားရွက်ကလေးပေါ်လာခဲ့တယ်။

သူမလည်း စေ့ထားတဲ့ နှုတ်ခမ်းကနေ မီးခိုးငွေ့တွေ မှုတ်ထုတ်လိုက်တယ်။ ပြီးတော့မှ ကျွန်တော့်ကိုအခုမှ သတိရသွားသလို ကြည့်လိုက်တယ်။ ကျွန်တော့်မျက်နှာက သူမရဲ့ နေကာမျက်မှန်

နှ စ် ဘ က် မှာ နှစ်ခြမ်းကွဲသွားတယ်။ နေကာမျက်မှန်က မည်းနက်လွန်းတဲ့ အတွက် မျက်နှာအောက်က မျက်လုံးတွေကို ကျွန်တော်မမြင်ရဘူး။

"ရှင်က ဒီနားမှာ နေတာလား" သူမက မေးတယ်။

"ဟုတ်တယ်"

ကျွန်တော်လည်း ကျွန်တော့်အိမ်ရှိတဲ့ အရပ်ကို ထိုးပြမလို့ ပဲ၊ ဒါပေမယ့် ဒီရောက်ဖို့ လမ်းမှာ အချိုးအကွေ့တွေ အများကြီး ဖြတ်လာရတော့ ဘယ်ကိုလက်ညှိုးထိုးရမလဲတောင် မသိပါဘူး။ ကျွန်တော်လည်း ရမ်းသမ်းပြီး ထိုးပြမနေတော့ဘူး။

"ရောက်နေတာ ကြာပြီလား"

"ငါ့ရဲ့ ကြောင်ကို လိုက်ရှာနေတာပါ"

ကျွန်တော်လည်း ဘောင်းဘီအိတ်ထဲထည့်ထားတဲ့ ချွေးစို့နေတဲ့ လက်ဖဝါးကိုသုတ်ပြီး ပြောလိုက်တယ်။

"ပျောက်နေတာ သုံးလေးရက်လောက်ရှိပြီ၊ တစ်ယောက်ယောက်က ဒီနားမှာ တွေ့လိုက်မိတယ်လို့ ဆိုတယ်"

"ဘယ်လိုကြောင်မျိုးလဲ"

"အကောင်ကြီးပဲ အညိုရောင်အစင်းကြားနဲ့ ၊ အမြီးထိပ်က နည်းနည်းကောက်နေတယ်"

"နာမည်က"

"နာမည်က ဟုတ်လား"

"ကြောင်ရဲ့ နာမည်၊ ကြောင်မှာ နာမည်ရှိတယ်မဟုတ်လား"

နေကာမျက်မှန်နောက်က စူးစမ်းတဲ့ မျက်လုံးတွေနဲ့ သူမက ပြောလိုက်တယ်။

"နိုဘိုယူ၊ နိုဘိုယူ ဝါတာရာ"

"အိုး....ကြောင်ရဲ့ နာမည်က တယ်မိုက်ပါလား"

"ဟုတ်တယ်...တကယ်တော့ အဲဒါ ငါ့ယောက်ဖရဲ့ နာမည်ပဲ၊ ကြောင်က သူ့ကို သတိရစေတယ်၊ တကယ်တော့ ငါတို့ သူ့ကို ရယ်စရာအနေနဲ့ ဒီနာမည်ပေးထားတာပါ"

"ကြောင်က သူ့ကို ဘယ်လို သတိရစေတာလဲ"

"ငါလည်း မသိဘူး၊ အကြမ်းဖျင်းပြောတာပါ၊ သူလမ်းလျှောက်ပုံတွေ၊ မှေ့မှေ့မောမော ငေးစိုက်ကြည့်ပုံတွေ"

ဒီတော့မှ သူမက ပထမဆုံး စပြုံးတယ်၊ ပြုံးလိုက်တဲ့ အခါ တွေ့စကထက်စာရင် ပိုပြီး ကလေးနဲ့ တူသွားတယ်။ သူမ နှုတ်ခမ်းမဲ့လိုက်တဲ့ အခါ အပေါ်နှုတ်ခမ်းက ထူးထူးဆန်းဆန်းလေး ကွေးသွားတယ်။

"ကျွန်မကို ကိုင်ကြည့်ပါ"လို့ ပြောတဲ့ ဖုန်းထဲက မိန်းမရဲ့ အသံကို နားထဲကြားယောင်မိတယ်။ ကျွန်တော်လည်း နဖူးကချွေးကို လက်ခုံနဲ့ သုတ်လိုက်တယ်။

"အညိုရောင်အစင်းကြားနဲ့ အမြီးကောက်နေတဲ့ ကြောင်၊ လည်ပတ်တွေ ဘာတွေရှိလား"

"အနက်ရောင်လည်ပတ်"

သူမက လက်တွေကို ဂိတ်ပေါ် ဆက်တင်ထားပြီး

ဆယ့်လေးငါးစက္ကန့်လောက် စဉ်းစားနေတယ်။ ပြီးတော့မှ လက်ထဲက စီးကရက်တိုကို လွှတ်ချပြီး ကျွန်တော့်ခြေထောက်အောက်ကို လွှတ်ချလိုက်တယ်။

"ခြေထောက်နဲ့ နင်းပေးစမ်းပါ၊ ကျွန်မက ဖိနပ်မစီးထားလို့ "

ကျွန်တော်လည်း ကျွန်တော့်ရဲ့ တင်းနစ်ဖိနပ်ခွာနဲ့ ဂရုတစိုက် ဖိချေပေးလိုက်တယ်။

"ကျွန်မ အဲဒီကြောင်မျိုး တွေ့ဖူးသလိုပဲ၊ အမြီးကောက် မကောက်တော့ မသိဘူး၊ အညိုရောင်ကြောင်ကြီးတစ်ကောင် လည်ပတ်ရှိတယ်လို့ ထင်တာပဲ" သူမက ချင့်ချင့်ချိန်ချိန် ပြောလာတယ်။

"ဘယ်တုန်းက တွေ့ဖူးတာလဲ"

"ဘယ်တုန်းကလဲဆိုတော့ ကျွန်မ မကြာခဏ တွေ့ဖူးတာတော့ သေချာတယ်၊ ကျွန်မက နေ့တိုင်း နေစာထွက်လှုံတော့ တစ်ရက်နဲ့ တစ်ရက်က ရောနေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သုံးလေးရက်ထက် မပိုသေးဘူး၊ ကျွန်မတို့ ခြံက အိမ်နားက ကြောင်တွေအတွက် အဝေးပြေးလမ်းမလို ဖြစ်နေတယ်၊ သူတို့ အားလုံးက ဆူဇူးကီးရဲ့ ချုံတန်းထဲကထွက် ကျွန်မတို့ ခြံထဲကဖြတ်ပြီး မီယာဝါကီခြံထဲကို သွားကြတယ်။"

သူမက အိမ်အလွတ်ဘက်ကို လက်ညှိုးထိုးပြတယ်၊ အဲဒီမှာ ကျောက်တုံးငှက်ကလည်း တောင်ပံဖြန့်ဆဲ Goldenord ပင်ကြီးကလည်း နွေဦးနေရောင်ကို ခံယူနေဆဲ အင်တနာတိုင်ပေါ်က ခိုကလည်း ဆက်ပြီး ကူနေဆဲ။

"သတင်းပေးတာ ကျေးဇူးတင်ပါတယ်"

ကျွန်တော်က သူမကို ပြောလိုက်တယ်။

"ကျွန်မ အကြံရပြီ ရှင် ဘာကြောင့် ဒီကနေ မစောင့်တာလဲ၊ ကြောင်တွေအားလုံးက ဒီက ဖြတ်ကြတာချည်းပဲလေ၊ ပြီးတော့ ရှင်ဒီလို မယောင်မလည်လုပ်နေတာကို တစ်ယောက်ယောက်ကများ ရဲတိုင်လိုက်ရင် ခံရဦးမယ်"

"ဒါပေမဲ့ သူများ ခြံကနေ ကြောင်ကို ထိုင်စောင့်နေလို့ လည်း မဖြစ်ဘူးလေ"

"ရပါတယ်၊ ဘာမှ အပန်းကြီးတဲ့ ကိစ္စမှ မဟုတ်တာ၊ ဘယ်သူ့အိမ်မှ မဟုတ်ဘူး ၊ စကားပြောဖော်မရှိလို့ သေလုအောင် ပျင်းနေတာ၊ ကျွန်မတို့ နှစ်ယောက် ကြောင်ပေါ်လာတဲ့ အထိ နေစာလှုံနေကြမယ်လေ၊ ကျွန်မက မျက်စိရှင်ပါတယ်၊ ရှင့်ကို ကူရှာပေးနိုင်မှာ ပါ"

ကျွန်တော်လည်း နာရီကိုကြည့်လိုက်တယ်၊ နှစ်နာရီသုံးဆယ့်ခြောက်၊ မမှောင်ခင် လုပ်စရာက အဝတ်လျှော်တာနဲ့ ညစာပြင်ဖို့ ပဲရှိတယ်။

"အိုကေ ကောင်းပြီလေ၊ သုံးနာရီလောက်အထိတော့ စောင့်မယ်" ကျွန်တော်လည်း အခြေအနေကို ကောင်းကောင်း မကျက်မိသေးပေမယ့် ပြောလိုက်တယ်။ ပြီးနောက် ဂိတ်ပေါက်ကိုဖွင့်ပြီး လှမ်းဝင်ကာ မြက်ခင်းကိုဖြတ်ပြီး ကောင်မလေးနောက်က လိုက်သွားလိုက်တယ်။ ဒီတော့မှ သူမရဲ့ ဘယ်ဘက်ခြေထောက်က နည်းနည်းဆွဲနေတာ သတိထားမိတယ်။ သူမရဲ့ ပုခုံးလေးက ဘယ်ဘက်ကို စည်းချက်ညီ ယမ်းယမ်းသွားတယ်။ သူမက နည်းနည်းလှမ်းပြီးတဲ့ နောက် ရပ်ပြီး ကျွန်တော့်မျက်နှာကို လှည့်ကြည့်ကာ သူမနဲ့ ယှဉ်လျှောက်ဖို့

အချက်ပြတယ်။

“ပြီးခဲ့တဲ့ လက ခိုက်မိတာလေ၊ ဆိုင်ကယ်နောက်ကနေ ပြုတ်ကျတာ၊ ကံသိပ်မကောင်းဘူး” သူမက သိပ်အရေးမကြီးပုံနဲ့ ပြောတယ်။

မြက်ခင်းဆုံးသွားတဲ့ အခါ ဝက်သစ်ချပင်ကြီးတစ်ပင်က မားမားကြီးရပ်လို့ သစ်ပင်အောက်မှာ ခေါက်ကုလားထိုင်နှစ်လုံး၊ တစ်လုံးက အပြာရောင် ကိုယ်သုတ်ပုဝါတစ်ထည်က လွှမ်းခြုံထားတယ်။ နောက်တစ်လုံးပေါ်မှာ တော့ အနီရောင် Marlboro စီးကရက်ဘူး အသစ်တစ်ဘူး၊ မီးခြစ်နဲ့ ဆေးလိပ်ပြာခွက်၊ မဂ္ဂဇင်းတစ်အုပ်၊ ကက်ဆက်ကြီးကြီးတစ်လုံး။ ကက်ဆက်ကနေ hard-rock သီချင်းတွေကို တိုးတိုးလေးဖွင့်ထားတယ်။ သူမက ကက်ဆက်ကိုပိတ်လိုက်ပြီး ကုလားထိုင်ပေါ်က ပစ္စည်းတွေအားလုံးကို ကျွန်တော်ထိုင်ဖို့ ရှင်းပေးတယ်။ ကုလားထိုင်ကနေကြည့်ရင် လူမနေတဲ့ အိမ်ကြီး၊ ကျောက်တုံးငုတ်၊ Goldenrod ၊ သံကွင်းဆက် ခြံစည်းရိုးအားလုံးကို မြင်နေရတယ်။ ကောင်မလေးဟာ ကျွန်တော့်ကို ဒီကနေ တစ်ချိန်လုံး စောင့်ကြည့်နေခဲ့ပုံရတယ်။

ဒီဘက်ခြံကတော့ အတော်လေးကြီးတယ်၊ အထဲမှာ ကျယ်ပြန့်လျှောဆင်းနေတဲ့ မြက်ခင်းနဲ့ သစ်ပင်တစ်အုပ်ရှိတယ်။ ကုလားထိုင်ရဲ့ ဘယ်ဘက်နားမှာ ကွန်ကရစ်ရေကန်ကြီးတစ်ကန်၊ ရေမရှိတဲ့ ကန်ရဲ့ အခင်းက နေရောင်နဲ့ ထိတွေ့လို့ ။ အစိမ်းရောင်သန်းနေတာကို ထောက်ရင် ရေမရှိတာ နည်းနည်းကြာခဲ့ပြီ ဖြစ်လိမ့်မယ်။ ကျွန်တော်တို့ လည်း သစ်ပင်တွေကြားထဲက ကြည့်ရင်မြင်ရတဲ့ အိမ်ကြီးကို ကျောခိုင်းပြီး ထိုင်နေကြတယ်။ လှပတဲ့

မျက်နှာစာနဲ့ အနောက်တိုင်းပုံစံ အိမ်က ကြီးကျယ်ခမ်းနားခြင်းတော့ မရှိပါဘူး။ မြက်ခင်းကသာ ကြီးမားပြီး ဂရုတစိုက်ပြုပြင်ထားတဲ့ အတွက် ခမ်းနားနေတာပါ။

"ငါ ငယ်ငယ်တုန်းက မြက်ခင်းအလှဆင်တဲ့ ကုမ္ပဏီတစ်ခုမှာ လုပ်ခဲ့ဖူးသေးတယ်"

"အို....ဟုတ်လား"သူမက မြက်ခင်းတွေအပေါ် စိတ်မဝင်စားလှတာ သိသာလှပါတယ်။

"ကြီးလိုက်တဲ့ ခြံကြီးပါလား၊ ထိန်းသိမ်းရတာ ကရိကထတော့ များမယ်ထင်တယ်နော်" ကျွန်တော်က ပတ်ပတ်လည်ကြည့်ပြီး ပြောလိုက်တယ်။

"ရှင့်မှာ ခြံမရှိဘူးလား"

"သေးသေးလေးပါ၊ ခြောက်လပန်းပင် နှစ်ပင်သုံးပင်လောက်ပဲ ရှိတယ်။ မင်းက ဒီမှာ တစ်ယောက်တည်းနေတာလား"

"ဟုတ်တယ်....အမြဲလိုပဲ၊ အိမ်ဖော်ကောင်မလေးကတော့ မနက်ပိုင်းနဲ့ ညနေပိုင်းတွေမှာ လာတယ်၊ နေ့ခင်းဆို ကျွန်မတစ်ယောက်တည်းပဲ တစ်ခုခုသောက်မလား၊ ဘီယာရှိတယ်"

"မသောက်တော့ပါဘူး၊ ကျေးဇူးတင်ပါတယ်"

"တကယ်လား၊ အားနာစရာမလိုဘူးနော်"

ငါရေမဆာပါဘူး။ ကျွန်တော်လည်း ခေါင်းခါပြလိုက်တယ်။

"ကျောင်းမသွားဘူးလား"

"ရှင်ရော အလုပ်မသွားဘူးလား"

"သွားစရာ အလုပ်မရှိဘူး" ကျွန်တော် ဝန်ခံလိုက်တယ်။

"အလုပ်လက်မဲ့လား"

"ဆိုပါတော့ တစ်လောကပဲ အလုပ်ထွက်လိုက်တာ"

"ဘယ်လို အလုပ်မျိုးလဲ"

"ငါက ရှေ့နေတစ်ယောက်ရဲ့ ပြောတာပေါ့၊ ငါက မြို့တော်ခန်းမတို့ အစိုးရရုံးတို့ တွေသွားပြီး စာရွက်စာတမ်းတွေ သွားယူရတယ်၊ ပစ္စည်းတွေကို အစီစဉ်တကျ စီစဉ်ပေးရတယ်၊ အမှုတွဲအဟောင်းတွေ ရှာပေးရတယ်၊ တရားရုံးရဲ့ လုပ်ထုံးလုပ်နည်းတွေအတိုင်း လိုက်လံဆောင်ရွက်ပေးရတယ်၊အဲဒီလို အလုပ်တွေပေါ့"

"ဒါပေမဲ့ ရှင်ထွက်လာခဲ့တယ်နော်"

"ဟုတ်တယ်"

"ရှင့်မိန်းမက အလုပ်ရှိသလား"

"ရှိတယ်"

ကျွန်တော်လည်း စီးကရက်တစ်လိပ်ထုတ်ပြီး မီးညှိလိုက်တယ်၊ အနီးအနားသစ်ပင်က သံပတ်ငှက် အော်မြည်နေခဲ့ပြီ။ ဆယ့်နှစ်ပတ် ဆယ့်သုံးပတ်လောက်မြည်ပြီးရင် နောက်တစ်ပင်ကို ကူးသွားပြီ။

"အဲ ဟို မှာ ကြောင်တွေဖြတ်သွားတတ်တဲ့ နေရာပေါ့" သူမက အစပ်အဆက်မရှိပြောပြီး မြက်ခင်းရဲ့ ခပ်လှမ်းလှမ်းကို ညွှန်ပြတယ်။

"ဆူဇူကီးရဲ့ ခြံနောက်ထဲက မီးပြင်းဖိုကိုသိလား၊ ကြောင်တွေက အဲဒီကနေ ခြံစည်းရိုးအောက်ကို ဖြတ်ပြီး လာကြတယ်၊ မြက်ခင်းကိုဖြတ်တယ်၊ ဂိတ်တံခါးအောက်က အပြင်ထွက်ပြီး လမ်းက

ခြံတွေကိုဖြတ်တယ်၊ သူတို့ က အမြဲအဲဒီလမ်းကြောင်းအတိုင်းပဲ သွားကြတယ်၊ ဒါနဲ့ မစ္စတာ ဆူဇူကီးကို သိတယ်မဟုတ်လား၊ ကောလိပ်ပါမောက္ခလေ၊ တီဗီမှာ တစ်ချိန်လုံးလာနေတာ”

“မစ္စတာ ဆူဇူကီး ဟုတ်လား”

သူမက အသေးစိတ်တွေ ဆက်ပြောနေခဲ့တယ်၊ ဒါပေမဲ့ ကျွန်တော်ကတော့ မစ္စတာ ဆူဇူကီးဆိုတာ ဘယ်သူမှန်းမသိ။

“ငါက တီဗွီကြည့်ခဲ့တယ်” ကျွန်တော်က ပြောလိုက်တယ်။

“ကြောက်စရာ မိသားစုပဲ၊ အကုန်လုံးက ဟန်ကြီး ပန်ကြီးတွေနဲ့ တီဗီသမားတွေ အကုန်လုံးက အတုအယောင်တွေချည်းပါပဲ”

သူမက လှောင်ပြောင်တဲ့ ပုံစံနဲ့ ပြောတယ်။

“အိုး....ဟုတ်လား”

ကောင်မလေးက Marlboros ဘူးကိုယူပြီး တစ်လိပ်ထုတ်ကာ လက်ချောင်းတွေကြားထဲမှာ လှိမ့်နေခဲ့တယ်။

“သူတို့ တွေမှာ လူကောင်းတွေလည်း ရှိမယ်ထင်ပါတယ်၊ ဒါပေမဲ့ ကျွန်မတို့လို ပုံစံမျိုးတွေ မဟုတ်ဘူး ၊ မီယာဝါကီတွေကတော့ လူကောင်းတွေပါ၊ မစ္စမီယာဝါကီက သဘောကောင်းတယ်၊ မစ္စတာမီယာဝါကီက မိသားစု စားသောက်ဆိုင် နှစ်ဆိုင်သုံးဆိုင်ပိုင်တယ်”

“သူတို့ တွေ ဘာဖြစ်သွားသေးလဲ”

“မသိပါဘူး”

“အကြွေးတွေတင်လို့ လည်း ဖြစ်နိုင်တယ်၊ သူတို့ ပြောင်းသွားတော့

ပွက်လောရိုက်ကျန်ခဲ့တယ်၊ ပြီးခဲ့တဲ့ နှစ်နှစ်လောက်က ထင်ပါတယ်၊ အားလုံးထားခဲ့ပြီး ထွက်သွားတယ်၊ ခြံကြီးကို ပျက်စီးပြီး ကြွက်တွေ အသိုက်ဖွဲ့နေတဲ့ နေရာအဖြစ် ဒီအတိုင်းထားခဲ့ကြတယ်၊ ကျွန်မအမေကဆို အမြဲ တဖျစ်တောက်တောက်နဲ့ ”

“အဲဒီမှာ ကြောင်တွေ အများကြီးလား”

ကောင်မလေးက စီးကရက်ကို နှုတ်ခမ်းဖျားမှာ ညှပ်ပြီး မီးညှိကာ ခေါင်းညိတ်ပြတယ်။

“ကြောင်မျိုးစုံပဲ အချို့က သားမွေးတွေ မရှိတော့ဘူး၊ တချို့က မျက်လုံးတစ်ဖက်ပဲရှိတော့တယ်၊ နောက်တစ်ဖက်က အသားတုံးကြီးလိုပဲ၊ အတိုင်းသားကြီး”

“အတိုင်းသားကြီးပဲနော်” ကျွန်တော်လည်း ခေါင်းညိတ် ထောက်ခံလိုက်တယ်။

“ကျွန်မ မှာ လက်ချောင်းခြောက်ချောင်းပါတဲ့ အမျိုးတစ်ယောက်ရှိတယ်၊ အဲဒီအစ်မက ကျွန်မထက် နည်းနည်းပဲကြီးမယ်၊ သူ့ရဲ့ လက်သန်းလေးဘေးမှာ အဲဒီ ပန်းရောင်လက်ချောင်းအပိုလေး ပေါက်နေတာ၊ ကလေးလက်ချောင်းလေးလိုပဲ၊ အဲဒီလက်ချောင်းလေးကို သူက ခေါက်သိမ်းထားတတ်တော့ လူအများက သတိမထားမိကြဘူး၊ သူက တော်တော်ချောတယ်”

ကျွန်တော်လည်း ခေါင်းထပ်ညိတ်ပေးလိုက်တယ်။

“မိ သား စု မှာ အဲဒီလိုမျိုး ဖြစ်နိုင်ချေရှိလား၊ ဘယ်လိုခေါ်မလဲ၊ သွေးသားတော်စပ်ရင်ပေါ့”

"ငါလည်း မပြောတတ်ဘူး"

သူမက တဒင်္ဂစကားပြောတာ ရပ်လိုက်တယ်၊ ကျွန်တော်လည်း စီးကရက်ကိုဖွာလိုက်ပြီး ကြောင်လမ်းကြောင်းကို ကြည့်နေလိုက်တယ်။ တစ်ကောင် တမြီးမှ တော့ မတွေ့သေးဘူး။

"ဘာမှ မသောက်တာ သေချာတယ်နော်၊ ကျွန်မက Coke သွားယူတော့မှာ "

ကျွန်တော်လည်း ဘာမှ မသောက်ချင်ဘူးလို့ ပဲ ပြောလိုက်တယ်။

သူမက ခေါက်ကုလားထိုင်ကထပြီး သစ်ပင်တွေကြား ခြေထောက်တရွတ်ဆွဲလို့ ပျောက်ကွယ်သွားတယ်။ ကျွန်တော်လည်း သူထားခဲ့တဲ့ မဂ္ဂဇင်းကို လှန်လှောနေလိုက်တယ်။ အတော်အံ့ဩစရာပဲ။ မဂ္ဂဇင်းကယောကျ်ားတွေဖတ်တဲ့ ကြွေဖုံးနဲ့ လစဉ်ထုတ် မဂ္ဂဇင်း၊ ကြားညှပ်စာမျက်နှာပေါ်က အမျိုးသမီးက မလုံ့တလုံဝတ်ဆင်လို့ ကျွန်တော်လည်း သက်ပြင်းတစ်ချက်ချပြီး မဂ္ဂဇင်းကို ပြန်ချလိုက်တယ်။ ရင်ဘတ်ပေါ် လက်ပိုက်တင်လိုက်ပြီး ကြောင်လျှောက်လမ်းကိုပဲ ပြန်ပြီး အာရုံစိုက်ထားလိုက်တယ်။

အတော်လေးကြာတော့မှ ကောင်မလေးလည်း Coke တစ်ဘူး လက်ကကိုင်လို့ ရောက်လာတယ်။ ကောင်မလေးက Adidas တီရှပ်ကိုချွတ်ပြီး ဘီကီနီနဲ့ ဘောင်းဘီတိုနဲ့ ၊ ဘရာဇီယာလေးက သူမရင်သားတစ်ခုလုံးကို ပုံဖော်ထားပြီး အနောက်မှ ကြိုးနဲ့ သိုင်းထားတယ်။

အတော်ပူတဲ့ နေ့လယ်ခင်းပါပဲ။ နေရောင်အောက်မှာ လှဲနေရင်းနဲ့ ပဲ ကျွန်တော့်မီးခိုးရောင်တီရှပ်က ချွေးနဲ့ ရွှဲနေခဲ့တယ်။ သူမက ရှေ့က ပြောလက်စ စကားကို ဆက်ပြီးတော့ -

“ပြောပါဦး တကယ်လို့ များ ရှင်နဲ့ ကြိုက်နေတဲ့ မိန်းကလေးက လက်ချောင်းခြောက်ချောင်းပါနေခဲ့ရင် ရှင်ဘယ်လိုလုပ်မတုန်း”

“ဆပ်ကပ်ကို သွားရောင်းလိုက်မှာ ပေါ့”

“တကယ်လား”

“မဟုတ်ပါဘူး၊ နောက်တာပါ၊ ငါ့အတွက်တော့ ဘာမှ အနှောင့်အယှက်ဖြစ်မယ်မထင်ဘူး”

“တကယ်လို့ ကလေးတွေပါ မျိုးရိုးလိုက်ရင်ရော”

ကျွန်တော် ခဏစဉ်းစားနေမိတယ်။

“ကိစ္စမရှိပါဘူး၊ ငါ့အတွက် ဘာမှ ကသိကအောက် ဖြစ်စရာမရှိဘူး၊ လက်ချောင်းအပိုက အန္တရာယ်မှ မရှိတာ”

“တကယ်လို့ ရင်သားလေးခု ပါတယ်ဆိုရင်ရော”

ကျွန်တော့်မှာ စဉ်းစားရပြန်တယ်။

“မသိဘူး”

ရင်သားလေးခု ဟုတ်လား၊ ဒီလို ပေါက်ကရမေးခွန်းတွေကတော့ မေးလို့ ဆုံးမှာ မဟုတ်၊ ဒါနဲ့ ကျွန်တော်လည်း စကားလမ်းကြောင်း ပြောင်းဖို့ ကြိုးစားလိုက်တယ်။

“မင်းအသက် ဘယ်လောက်ရှိပြီလဲ”

“ဆယ့်ခြောက်နှစ်ပြည့်တာ မကြာသေးဘူး၊ အထက်တန်းကျောင်းမှာ ပထမနှစ်တက်နေတယ်”

“အခု ခွင့်ယူထားတာပေါ့”

“ကျွန်မ ခြေထောက်က လမ်းများများ လျှောက်ရင် နာတယ်၊ ပြီးတော့ မျက်လုံးနားမှာ လည်း အမာရွတ်ရှိတယ်၊ ကျွန်မတို့ ကျောင်းက အရမ်းတင်းကျပ်တယ်။ အခုလို မော်တော်ဆိုင်ကယ်ပေါ်က ပြုတ်ကျပြီး ဒဏ်ရာရသွားတာကိုသာသိရင် ကျွန်မကို စိတ်ရှုပ်အောင် လုပ်လိမ့်မယ်၊ ဒါကြောင့် နာမကျန်းခွင့်ယူထားတာ၊ တစ်နှစ်လုံးယူလို့ ရတယ်လေ၊ ကျွန်မအတွက် အတန်းတက်ဖို့ လောစရာမလိုဘူး မဟုတ်လား”

ဟင်းလို့ ပဲ ကျွန်တော်ပြောနိုင်တော့တယ်။

“ဒါနဲ့ ခုနရှင်ပြောတာက လက်ခြောက်ချောင်းနဲ့ ကောင်မလေးကို လက်ထပ်ဖို့ ပြဿနာမရှိပေမယ့် ရင်သားလေးခုနဲ့ မိန်းမကိုတော့ သိပ်စိတ် မပါဘူးပေါ့”

“ငါ အဲဒီလို မပြောခဲ့ပါဘူး၊ ငါမသိဘူးလို့ ပဲ ပြောတာပါ”

“ဘာကြောင့် မသိရတာလဲ”

“မသိဘူး၊ အဲဒီလို ကိစ္စမျိုးကို စိတ်ကူးကြည့်ဖို့ ခက်တယ်”

“လက်ခြောက်ချောင်းကိုတော့ ရှင်မြင်ယောင်ကြည့်လို့ ရတယ်ပေါ့”

“ဟုတ်တယ်....ရတယ်”

“ဒါဖြင့် ရင်သားလေးခုကို ဘာကြောင့် တွေးကြည့်လို့ မရတာလဲ၊ ဘာကွာလို့ လဲ”

ကျွန်တော် ခဏအချိန်ယူပြီး စဉ်းစားရပြန်တယ်။ ဒါပေမဲ့ မဖြေတတ်ဘူး။

“ကျွန်မ အမေးအမြန်း သိပ်ထူသလား” သူမက

နေကာမျက်မှန်ထဲက ချောင်းကြည့်ပြီး ပြောတယ်။

"လူတွေ ပြောကြလို့ လား"

"ဟုတ်တယ် တစ်ခါတရံ ပြောကြတယ်"

"မေးခွန်းထုတ်တာ မမှားပါဘူး၊ သူများကိုလည်း တွေးမိစေတာပေါ့"

"လူအတော်များများကတော့ ဘာမှ တွေးစရာမပေးပါဘူး၊ ဘာမှ မဟုတ်တဲ့ အဖြေမျိုးပဲ ပေးကြတယ်"

သူမက သူ့လက်ချောင်းထိပ်ကလေးတွေကိုကြည့်ပြီး ပြောတယ်။

ကျွန်တော်လည်း ခေါင်းကို မသိမသာ ခါလိုက်ပြီး ကြောင်လျှောက်လမ်းကို လှည့်ကြည့်လိုက်ပြန်တယ်။ ငါ ဒီမှာ ဘာကြောင့် စောင့်နေတာလဲ။ တစ်ချိန်လုံးနေလို့ ကြောင်တစ်ကောင်မှ မတွေ့တဲ့ ဟာ၊ လက်တွေကိုတော့ ရင်ဘတ်ပေါ်မှာ ဆက်ပိုက်ထားပြီး မျက်လုံးကို စက္ကန့်နှစ်ဆယ်၊ သုံးဆယ်လောက် မှိ တ်လိုက်တယ်။ မျက်လုံးမှိ တ်ထားရင်း တစ်ကိုယ်လုံး ချွေးတွေစို့နေတာကို အာရုံမှာ သိနေတယ်။ ကျွန်တော့်နဖူးမှာ နှာခေါင်းအောက်မှာ လည်ပင်းတဝိုက်၊ ငှက်မွေးလေးကို ရေစွတ်ပြီး ဟိုဟို သည် သည် ပွတ်ပေးနေသလိုမျိုး ခံစားရတယ်၊ ကျွန်တော့် တီရှပ်က ရင်ဘတ်ပေါ်မှာ လေမတိုက်တဲ့ နေ့ ညွတ်ကျနေတဲ့ အလံလို၊ နေမင်းက ကျွန်တော့်ကို ထူးထူးဆန်းဆန်း လေးလံလာစေတယ်။ ကောင်မလေးက သူ့ဖန်ခွက်ကို လှုပ်လိုက်တိုင်း အထဲက ရေခဲရဲ့ တချွင်ချွင်အသံလေးက နွားခလောက်သံလို မြည်နေခဲ့တယ်။

"အိပ်ချင်ရင် အိပ် လိုက်လေ၊ ကြောင်တွေတွေ့ရင် ကျွန်မ နှိုးလိုက်မယ်"

မျက်လုံးတွေကတော့ ဖွင့်မရတော့ဘူး၊ ကျွန်တော် အသံတိတ်ခေါင်းညိတ်ပြလိုက်တယ်။ လေက ငြိမ်နေတယ်၊ ဘယ်လိုအသံမျိုးမှ မကြားရ၊ ခိုကလေးနဲ့ သံပတ်ငှက်လည်း တစ်နေရာထွက်သွားလောက်ပြီ၊ လေညင်းလေးတောင်မတိုက်၊ ကားစက်နှိုးသံမျိုးတောင် မကြားရ၊ ကျွန်တော့်မှာ ဖုန်းထဲက မိန်းမရဲ့ အကြောင်း၊ ဆက်တွေးနေမိတယ်။ ကျွန်တော်သူ့ကိုသိတာ အမှန်ပဲလား။ သူမအသံနဲ့ စကားပြောတဲ့ ဟန်ကတော့ လုံးဝမကြားခဲ့ဖူးဘူး။ ဒါပေမယ့် သူက ကျွန်တော့်ကိုသိနေတယ်။ ကျွန်တော်ဟာ De Chirico ရဲ့ ကားကို ကြည့်နေသလိုပဲ။ အမျိုးသမီးရဲ့ အရိပ်ရှည်ရှည်ကြီးက လူသူကင်းမဲ့နေတဲ့ လမ်းပေါ်ကဖြတ်ပြီး ကျွန်တော်ရှိတဲ့ နေရာထိ ဆန့်ကားလို့ ၊ ဒါပေမဲ့ သူမကိုယ်တိုင်ကတော့ ကျွန်တော့် သိစိတ်နယ်ပယ်နဲ့ ဝေးကွာလှတဲ့ အရပ်ဆီမှာ ကျွန်တော့်နားနားကပ်ပြီး ခေါင်းလောင်းသံကို ဆက်ကာဆက်ကာ ကြားလိုက်တယ်။

"အိပ်ပျော်နေတာလား"

သူမအသံက တိုးလွန်းတော့ ကျွန်တော့်မှာ အမှန်တကယ် ကြားမိတာလားတောင် မသဲကွဲဘူး။

" မဟုတ်ဘူး ၊ ငါ အိပ်နေတာမဟုတ်ပါဘူး"

"ကျွန်မ အနားတိုးလာလို့ ရမလား၊ ဒါမှ ခပ်တိုးတိုးလေးပြောလို့ အဆင်ပြေလိမ့်မယ်"

"ရပါတယ်" ကျွန်တော်လည်း မျက်လုံးမဖွင့်ဘဲ ပြောလိုက်တယ်။

သူမလည်း ခုံကို အနားရွှေ့လာလိုက်တာ ကျွန်တော့်ခုံနဲ့ တောင် တိုက်မိတဲ့ အထိပဲ။ ထူးဆန်းတာက ကျွန်တော့်မျက်လုံးဖွင့်ထားရာက

ပိတ်လိုက်တာနဲ့ ကောင်မလေးရဲ့ အသံက လုံးလုံးမတူတော့တာပဲ။ ဘယ်လိုဖြစ်တာလဲ၊ အရင်က ဒီလိုတစ်ခါမှ မကြုံဖူး။

"ကျွန်မ စကားပြောလို့ ရမလား၊ ကျွန်မ တိုးတိုးလေးပဲ ပြောပါမယ်၊ ရှင်ပြန်ဖြေစရာလည်း မလိုဘူး၊ အိပ်ပျော်သွားလည်း ရတယ်၊ ကျွန်မ စိတ်မဆိုးဘူး"

"ဟုတ်ပြီလေ" ကျွန်တော်ပြန်ပြောလိုက်တယ်။

"လူတွေသေတဲ့ အခါမှာ အရမ်းကြည့်ကောင်းတာပဲ"

သူမရဲ့ ပါးစပ်က ကျွန်တော့်နားနားကပ်ပြီး ပြောနေတဲ့ အတွက် စကားလုံးတွေက သူမရဲ့ နွေးထွေးစိုစွတ်တဲ့ ထွက်သက်နဲ့ အတူ ကျွန်တော့်အထဲကို ဝင်လာကြတယ်။

"ဘယ်လိုဖြစ်လို့ လဲ"

"မမေးနဲ့ ၊ မျက်စိလည်း မဖွင့်နဲ့ ၊ ဟုတ်ပြီလား"

ကျွန်တော်လည်း ခေါင်းကို ဖြည်းဖြည်းညင်သာ ညိတ်လိုက်တယ်။

သူမက ကျွန်တော့်နှုတ်ခမ်းပေါ်က လက်ညှိုးကို လက်ကောက်ဝတ်ပေါ် ပြောင်းတင်လိုက်တယ်။

"ကျွ န် မ မှာ ဓားထက်ထက်တစ်ချောင်းရှိရင်ကောင်းမယ်၊ ကျွန်မလက်ကောက်ဝတ်ကို လှီးပြီး အထဲကိုကြည့်ချင်တယ်၊ အလောင်းကောင်ကြီးကို မဟုတ်ဘူး ၊ သေခြင်းတရားရဲ့ အသားစိုင်တွေကို အဲဒီလိုမျိုးတစ်ခုခုရှိမယ်လို့ ကျွန်မထင်တယ်။ ဒီလိုပဲ သိနေတာ၊ ပျော့ပျော့ပြဲပြဲ အလုံးကြီးထဲမှာ မာကြောတဲ့ နာမ်အသေတွေက အဆန်အနေနဲ့ ရှိမယ်။ ကျွန်မ လူသေတစ်ယောက်ဆီကနေ အဲဒါကိုထုတ်ပြီး အထဲကို

ခွဲကြည့်ချင်တယ်။ ဘယ်လိုမျိုးရှိမလဲ ကျွန်မ အမြဲသိချင်နေခဲ့တယ်၊ အဲဒါက ဘူးခွံထဲမှာ ခြောက်ကပ်နေတဲ့ သွားတိုက်ဆေးလိုမျိုးလဲ မာမာကြီးဖြစ်ချင်ဖြစ်မယ်၊ အဲဒီလိုမျိုးမထင်ဘူးလား၊ မဖြေနဲ့ နော် အဲဒါက အပြင်မှာ ပျော့ပြဲနေပြီး အထဲရောက်လေ မာလေ၊ ကျွန်မ ခွဲစိတ်ဓားထက်ထက်နဲ့ အရေခွံကို လှီးပြီး အဲဒီပျော့ပြဲပြဲအရာကြီးကိုထုတ်မယ်၊ လျှာကိုဖိတဲ့ သစ်သားချောင်းနဲ့ အဲဒီထဲကို သူ့ရဲ့ ဗဟိုချက်ကိုရောက်တဲ့ အထိ ထိုးမယ်၊ အဲဒါက တကယ့် သေးသေးမာမာ အလုံးလေးဖြစ်ရမယ်”

“ရှင်ရော အဲဒီလို မထင်ဘူးလား”

သူမက လည်ချောင်းကို နည်းနည်းရှင်းလိုက်တယ်။

“ကျွန်မ အခုတလော တွေးနေမိတာ အဲဒီအကြောင်းပဲ၊ ဘာကြောင့် ဆို တစ်နေ့တစ်နေ့ ကျွန်မမှာ အချိန်တွေအများကြီးရနေတာကို ဘာမှ လုပ်စရာ မရှိရင် လူ့စိတ်က အဝေးကြီးလွင့်လွင့်သွားတာ လိုက်ဖမ်းလို့ တောင် မမိဘူး”

သူမက ကျွန်တော့်လက်ကောက်ဝတ်ပေါ်က လက်ညှိုးကိုဖယ်ပြီး ကျန်တဲ့ ကိုလာကို သောက်လိုက်တယ်။ ရေခဲသံကို ကြားတာနဲ့ ခွက်ထဲမှာ မကျန်တော့ဘူးဆိုတာ ကျွန်တော်သိလိုက်တယ်။

“ကြောင်အတွက် မပူပါနဲ့ ၊ ကျွန်မ ကြည့်ပေးနေပါတယ်၊ နိုဘိုယူဝါတာရာကိုတွေ့ရင် ကျွန်မ ရှင့်ကို ခေါ်လိုက်မယ်၊ မျက်လုံးဆက်ပြီးတော့ မှိ တ်ထားပါ၊ ဒီအနီးတဝိုက်မှာ ဒီ ကြော င် လှ ည့် သွား နေ မှာ သေချာပါတယ်၊ ကျွန်မ ဆိုလိုတာက ကြောင်တွေအားလုံး ဒီလမ်းကပဲ ဖြတ်ကြတော့ သူလည်း ပေါ်လာမှာ ပဲ၊ စောင့်ရင်းနဲ့ မြင်ယောင်ကြည့်ရအောင်လား၊ ဆိုပါစို့

နိုဘိုယူဝါတာရာဟာ နီးသထက် နီး လာပြီ၊ သူဟာ မြက်ပင်တွေကိုဖြတ်၊ ခြံစည်းရိုးတွေအောက်ကတိုး၊ လမ်းမှာ ပန်းခြံတွေတွေ့ရင် ခဏရပ်ပြီး နှာချေလို့ လာနေခဲ့ပြီ၊ သူဟာ တစ တစ နီးလို့ လာနေပြီ၊ အဲဒီလို မြင်ယောင်ကြည့်လိုက်ပါ”

ကျွန်တော်လည်း ကြိုးစားပြီး ပုံဖော်ကြည့်တယ်။ ဒါပေမယ့် မျက်စိထဲမှာ ဝါးတားတားနဲ့ အလင်းရောင်ကို ကျောပေးပြီး ရိုက်ထားတဲ့ ဓာတ်ပုံလိုဖြစ်နေတယ်။ ကျွန်တော့်မျက်ခွံထဲကို ထိုးဖောက်လာတဲ့ နေရောင်က ကျွန်တော့်အတွင်းထဲက အမှောင်ကို မငြိမ်မသက်နဲ့ ပျံ့နှောနေစေပြီး ကြောင်တစ်ကောင်ရဲ့ ပုံကို အတိအကျဖော်ဖို့ ခက်နေတယ်။ အဲဒီအစား ကျွန်တော်မြင်ယောင်မိတာက မအောင်မြင်တဲ့ ပုံတူကားချပ်လို ထူးထူးဆန်းဆန်း ရွဲ့စောင်းနေတဲ့ ပုံ၊ ထင်ရှားတဲ့ အသွင်အပြင်တချို့က တကယ့်ကြောင်နဲ့ ဆင်သလိုလိုရှိပေမယ့် တကယ့်အရေးကြီးတဲ့ အပိုင်း မပါဘူးဖြစ်နေတယ်။ ကျွန်တော့်မှာ ကြောင်ရဲ့ လမ်းလျှောက်ပုံကိုတောင် ပြန်စဉ်းစားလို့ မရဘူး။

ကောင်မလေးက သူ့လက်ချောင်းကို ကျွန်တော့်လက်ကောက်ဝတ်ပေါ် တင်လိုက်ပြန်တယ်။ ပြီးတော့မှ လက်ချောင်းထိပ်နဲ့ ဘာပုံမှန်းမသိ ဆွဲနေခဲ့တယ်။ အဲဒီအတွက်ကြောင့်လားမသိ။ တစ်ခါမှ မကြုံဖူးတဲ့ မှောင်မိုက်မှုတစ်မျိုးက ကျွန်တော့်အသိစိတ်ကို ဖုံးလွှမ်းလို့ သွားတယ်။ ကျွန်တော် အိပ်မောကျသွားတာလည်း ဖြစ်နိုင်တယ်။ ကျွန်တော်မအိပ်ချင်လှပေမယ့် ကျွန်တော်အဲသည် လိုမဖြစ်အောင် ဘယ်လိုမှ တွန်းလှန်လို့ မရဘူး။ ကျွန်တော့်ခန္ဓာကိုယ်က အလောင်းကောင်ကြီးလို ခံစားရတယ်။ ခေါက်ကုလားထိုင်မှာ

နစ်မြုပ်နေတဲ့ တခြားတစ်ယောက်ရဲ့ ခန္ဓာကိုယ်။

အမှောင်ထဲမှာ ကျွန်တော်နိုဘိုယူဝါတာရာရဲ့ ခြေလေးချောင်းကို တွေ့နေရတယ်။ အသံလုံလှတဲ့ အညိုရောင်ခြေချောင်းတွေ၊ ကမ္ဘာမြေရဲ့ တစ်နေရာမှာ အသံတိတ်လျှောက်လှမ်းနေတဲ့ ခြေထောက်တွေ၊ သို့သော် ဘယ်ဆီမှာ လဲမသိ။ တစ်နေရာရာမှာ ရှင်မျက်စိမှောက်နေတာ မဖြစ်နိုင်ဘူးလား။ အမျိုးသမီးက ညင်ညင်သာသာလေး ပြောနေခဲ့တယ်။ ကျွန်တော်နိုးလာတဲ့ အခါ ဘယ်သူမှ မရှိဘူး။ ကောင်မလေးက ခေါက်ကုလားထိုင်မှာ မရှိတော့ဘူး။ တဘက်၊ စီးကရက်နဲ့ မဂ္ဂဇင်းတွေတော့ရှိနေဆဲ။ ကိုလာနဲ့ ကက်ဆက်ကတော့ မရှိတော့ဘူး။

နေက အနောက်ဘက်ဆီ ဝင်စပြုပြီ။ ဝက်သစ်ချပင်ရဲ့ အရိပ်က ကျွန်တော့်ဒူးပေါ် တိတ်တိတ်လေး ကျဆင်းနေခဲ့တယ်။ နာရီကြည့်လိုက်တော့ သုံးနာရီလေးဆယ်၊ ကျွန်တော်လည်း ဘူးအလွတ်ကို လှုပ်လိုက်သလိုမျိုး ခေါင်းကိုခါ ကုလားထိုင်က ထလိုက်ပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်တယ်။ အရာရာတိုင်းက ကျွန်တော် ပထမဆုံးမြင်ရတဲ့ အတိုင်းပဲ။ မြက်ခင်းပြင်ကျယ်ကြီး၊ ခြောက်သွေ့နေတဲ့ ကန်၊ ခြံစည်းရိုး၊ ကျောက်တုံးငှက်၊ goldenrod ၊ တီဗွီအန်တနာ၊ ကြောင်ဆိုလို့ အရိပ်အယောင်တောင် မတွေ့ရ၊ ကောင်မလေးလည်း ဘယ်ဆီမှာ လဲမသိ။

ကျွန်တော်လည်း အရိပ်ရတဲ့ မြက်ခင်းထဲထိုင်ချလိုက်ပြီး အစိမ်းရောင်မြက်ခင်းတွေကို လက်ဖဝါးနဲ့ ကိုင်လိုက်တယ်။ မျက်စိတစ်ဖက်က ကြောင်လျှောက်လမ်းကိုပဲ ငေးကြည့်ရင်း ကောင်မလေးပြန်အလာကို စောင့်နေခဲ့တယ်။

ဆယ်မိနစ်လောက်ကြာတဲ့ အထိ ကြောင်ရော ကောင်မလေးရော ပေါ်မလာ။ ဘာဆိုဘာမှ လှုပ်ရှားမှုမရှိ။ ကျွန်တော်လည်း ဘာလုပ်ရမယ်မသိ။ ကျွန်တော့်မှာ အိပ်လိုက်တာ အတော်ကြီး အိုမင်းသွားသလိုတောင် ခံစားရတယ်။

ကျွန်တော်လည်း မတ်တတ်ထရပ်လိုက်ပြီး အိမ်ဘက်တစ်ချက် လှည့်ကြည့်တယ်။ လူရိပ်လူယောင်တောင် မတွေ့၊ ပြတင်းပေါက်မှာ ကျနေရဲ့ ရောင်ပြန်ဟပ်နေတယ်။ ကျွန်တော်လည်း လက်လျှော့ပြီး အိမ်ပြန်ဖို့ ရာ လမ်းကြားဘက် ထွက်လာခဲ့တယ်။ ကြောင်ကို မတွေ့ခဲ့ပေမယ့် ကျွန်တော် တတ်နိုင်သမျှ ကြိုးစားခဲ့တာပဲလေ။

* * *

အိမ်ပြန်ရောက်တာနဲ့ ကျွန်တော်လည်း ပန်းကန်တွေဆေး၊ ညစာအတွက် ပြင်ဆင်လို့ ၊ ပြီးတဲ့ နောက် ကျွန်တော်လည်း ဧည့်ခန်းထဲမှာ နံရံကိုမှီပြီး ထိုင်ချလိုက်ကာ ညနေခင်းသတင်းစာကို ဖတ်လိုက်တယ်။ ငါးနာရီခွဲမှာ ဖုန်းက ၁၂ ကြိမ်လောက်မြည်တယ်။ ဒါပေမဲ့ ကျွန်တော်မကိုင်လိုက်ဘူး။ ဖုန်းသံရပ်သွားပြီးတာတောင် တစ်ရစ်ဝဲဝဲ လစ်ဟာမှုက လေထဲမှာ မျောနေတဲ့ ဖုန်တွေလို မှောင်စပြုနေတဲ့ ဧည့်ခန်းထဲမှာ ဝဲပျံ့နေဆဲ။ တီဗွီပေါ်က နာရီကလည်း မမြင်နိုင်တဲ့ လေဟာပြင်ရဲ့ မောင်းနှင်ခွက်ကို သူ့ရဲ့ လက်သည်းမာမာတွေနဲ့ တထပ်ထပ် ရိုက်ခတ်လို့ ။ ဒါဟာ လေးထောင့်ပုံ သံပတ်ရုပ်ကမ္ဘာပဲလို့ ထင်မိတယ်။ တစ်ရက်တစ်ကြိမ် သံပတ်ငှက်က လာပြီး ကမ္ဘာလောကကြီးကို သံပတ်ပေးပေးသွားတယ်။ ဒီ ကစားစရာအိမ်ထဲမှာ ကျွန်တော်တစ်ယောက်တည်း အိုမင်းလို့ ။ ကျွန်တော့်ရဲ့ ကိုယ်ထဲမှာ သေခြင်းတရားရဲ့ ဖျော့တော့တော့

အလုံးအခဲတစ်ခုက တစတစ ကြီးထွားလို့ ၊ ကျွန်တော်က Saturn နဲ့ Uranus ကြားမှာ အိပ်စက်နေပေမယ့်လည်း နေရာအနှံ့က သံပတ်ငှက်ကလေးတွေကတော့ သူတို့ ရဲ့ အလှည့်ကျတာဝန်ကို ထမ်းဆောင်နေရှာပါလိမ့်မယ်။

သံပတ်ငှက်အကြောင်း ကဗျာတစ်ပုဒ်လောက် ရေးဖို့ အတွေးပေါက်မိပေမယ့် ပထမဆုံးစာကြောင်းမှာ တင် ရေးမရဘူးဖြစ်နေတယ်။ အထက်တန်းကျောင်းက ကောင်မလေးတွေ သံပတ်ငှက်အကြောင်း ကဗျာကို ကြိုက်ကြပါ့မလားမသိ။ သူတို့ က သံပတ်ငှက်ဆိုတာ ရှိတယ်ဆိုတာတောင် သိကြလိမ့်မယ်မထင်ဘူး။

* * *

ကျွန်တော့်မိန်းမက ခုနစ်နာရီခွဲမှ အိမ်ပြန်ရောက်တယ်။

"ဆောရီးပဲ အလုပ်တွေကလည်း မပြီး၊ အချိန်ပိုင်းကူပေးတဲ့ ကောင်မလေးကလည်း အားကိုးလို့ မရနဲ့ ၊ ကျွန်မအပေါ်ပဲပုံပြီး ကျလာတယ်" သူမက ပြောတယ်။

"ကိစ္စမရှိပါဘူး"

ကျွန်တော်လည်း ပြောပြီး နောက်ဖေးမီးဖိုခန်းထဲသွားပြီး ချက်ပြုတ်နေခဲ့တယ်။ ငါးကို ထောပတ်နှင့် ဆီပူထိုး၊အသုတ်ပြင်၊ မီဆိုဟင်းချိုခတ်၊ ကူမီကိုကတော့ မီးဖိုခန်း စားပွဲခုံမှာ ပဲ ညနေခင်းသတင်းစာ ဖတ်နေခဲ့တယ်။

"ရှင် ငါးနာရီခွဲတုန်းက ဘယ်ရောက်နေတာလဲ၊ နောက်ကျမယ့်အကြောင်းပြောဖို့ ဖုန်းဆက်သေးတယ်"

"ထောပတ်ကုန်နေတာနဲ့ ထွက်ဝယ်နေတာ" ကျွန်တော် လိမ်လိုက်ရတယ်။

"ဘဏ်သွားဖြစ်သေးလား"

"ဒါပေါ့"

"ကြောင်ရော"

"အစအနတောင် မတွေ့ရဘူး"

"အိုး" ကျွန်တော့်မိန်းမက ပြောလိုက်တယ်။

ညစာစား ရေမိုးချိုးပြီးတဲ့ အထိ ကူမီကိုက ဧည့်ခန်းထဲမှာ မီးမှိန်ပြီးထိုင်နေတုန်းပဲ၊ အမှောင်ထဲမှာ မီးခိုးရောင်ရှပ်အင်္ကျီဝတ်လိုက်ပြီး စမ်းတဝါးဝါးနဲ့ ခရီးဆောင်အိတ်တစ်လုံးကို ထိုင်နေတဲ့ သူမနားကို ကပ်သွားခဲ့တယ်။ သူမ ကြည့်ရတာ ဆိုးဆိုးရွားရွား ပစ်ပယ်ခံထားရသလိုပဲ။ သူမကို တခြားနေရာတစ်ခုကို ပြောင်းထားမှပဲ နည်းနည်းပျော်လာမယ်ထင်တယ်။ ဆံပင်တွေကို ရေခြောက်အောင်သုတ်ရင်း သူမနဲ့ မျက်နှာချင်းဆိုင် ဆိုဖာမှာ ထိုင်လိုက်တယ်။

"ဘာဖြစ်နေသလဲ" ကျွန်တော်က မေးလိုက်တယ်။

"ကြောင်က သေသွားတာ သေချာတယ်၊ ကျွန်မသိတယ်" ကျွန်တော့်မိန်းမက ပြောလိုက်တယ်။

"ဟေ့ ဒီမှာ မမိုက်စမ်းပါနဲ့ ၊ သူ လျှောက်သွားနေတာပါ၊ သူ့ဘာသာ ဗိုက်ဆာလာရင် အိမ်ပြန်လာလိမ့်မယ်၊ အရင်ကလည်း ဒီလို တစ်ကြိမ်ကြုံဖူးတာပဲလေ မမှတ်မိဘူးလား၊ ငါတို့ ကိုရင်ဂျီမှာ နေတုန်းကလေ"

"ဒီတစ်ခါက မတူဘူး၊ ဒီတစ်ခါ ရှင်ထင်သလို မဟုတ်ဘူး ၊ ကျွန်မသိတယ်၊ ကျွန်မတို့ ကြောင်ကလေးသေပြီ၊ မြက်တွေကြားထဲမှာ ပုပ်နေလောက်ပြီ၊ အဲဒီအိမ်လွတ်ကြီးရဲ့ ချုံတွေကြားထဲမှာ ကောရှာကြည့်သေးလား"

"ဟေး တော်တော့၊ အိမ်က လူမနေပေမယ့် ပိုင်ရှင်တော့ ရှိလိမ့်မယ်၊ သူများ ခြံထဲ ခိုးမဝင်ချင်ဘူး"

"ရှင်သတ်ပစ်လိုက်တာပဲ" ကျွန်တော့်မိန်းမက စွပ်စွဲတယ်။

ကျွန်တော်လည်း သက်ပြင်းချပြီး ဆံပင်တွေကိုပဲ တဘက်နဲ့ သုတ်နေလိုက်တယ်။

"ကြည့်ရတာ ရှင်ပဲ သတ်ပစ်လိုက်ပုံရတယ်" သူမက အမှောင်ထဲက ထပ်ပြောတယ်။

"ဘယ်လိုဖြစ်မှာ လဲ ကြောင်က သူ့ဘာသာသူ ပျောက်သွားတဲ့ ဟာ၊ ဒါ ငါ့အပြစ်မှ မဟုတ်ပဲ၊ ဒီလောက်တော့ မင်းသိရမှာ ပေါ့"

"ဘာပဲဖြစ်ဖြစ် ရှင် ဒီကြောင်ကို ဘယ်တုန်းကမှ သဘောမကျခဲ့ဖူးမဟုတ်လား"

"အိုကေ....ထားပါတော့၊ ငါက မင်းလောက်တော့ ကြောင်တွေအပေါ် မစွဲလမ်းဘူးပဲထားပါ၊ ဒါပေမဲ့ ငါ ကြောင်တွေကို ဒုက္ခတော့မပေးဘူး၊ ငါ နေ့တိုင်းအစာကျွေးတယ်၊ ငါဒီကောင်လေးတွေကို မချစ်တာနဲ့ သတ်ပစ်ရမှာ လား၊ ဒီလိုသာပြောရရင် ကမ္ဘာပေါ်က လူတစ်ဝက်လောက်ကို သတ်ပစ်ရတော့မယ်"

"ရှင်က အမြဲဒီလိုပဲ မဟုတ်လား၊ ရှင်က အရာရာတိုင်းကို

လက်တစ်ချက်မလှုပ်ဘဲ သတ်ပစ်နေတာပဲလေ” ကျွန်တော့်ဇနီးက သူမရဲ့ စီရင်ချက်ကို ထုတ်ပြန်တယ်။

ကျွန်တော်ပြန်ပြောဦးမလို့ ဘဲ၊ ဒါပေမဲ့ ကူမီကူ ငိုနေခဲ့ပြီဆိုတာ သိလိုက်တော့ လက်လျှော့လိုက်တော့တယ်။ ကျွန်တော်လည်း တဘက်ကို ရေချိုးခန်းထဲက အဝတ်ခြင်းထဲ ပစ်ထည့်လိုက်ပြီး မီးဖိုခန်းထဲက ဘီယာအေးအေးတဘူး သွားယူလိုက်တယ်။ ဘယ်လောက်လွဲချော်လိုက်တဲ့ နေ့လဲ။ အလွဲနှစ် အလွဲလရဲ့ အလွဲနေ့တနေ့ပေါ့။

နိုဘိုယူဝါတာရာ မင်းဘယ်မှာ လဲ၊ သံပတ်ငှက်ကလေးရော သံပတ်ကို မပေးသေးဘူးလား၊ ပုံမှန် ကဗျာတစ်ပုဒ်အနေနဲ့ ဆိုရင်တော့ ဒီလိုဖြစ်မယ်။

နိုဘိုယူ ဝါတာရာ

မင်းဘယ်ဆီမှာ လဲ

သံပတ်ငှက်ကလေး

သံပတ်မပေးသေးဘူးလား

ကျွန်တော်ဘီယာတစ်ဝက်ကျိုးတော့ ဖုန်းစမြည်လာတယ်

“မင်းကိုင်မှာ လား” ကျွန်တော်ညှော့်ခန်းအမှောင်ထဲကို အော်ပြောလိုက်တယ်။

“ကျွန်မ မကိုင်ဘူး ရှင်ကိုင်လိုက်”

“ငါမကိုင်ချင်ဘူး”

ဘယ်သူမှ မကိုင်၊ ဖုန်းကမြည်နေဆဲ အမှောင်ထဲမှာ ဖုန်တွေ

လိပ်တက်လာတဲ့ အထိ မြည်နေဆဲ၊ ကျွန်တော်တို့ နှစ်ယောက်လုံး နှုတ်ဆိတ်လို့ ကျွန်တော်လည်း ဘီယာဆက်သောက်နေသလို ကူမီကိုကလည်း အသံတိတ် ငိုကြွေးနေခဲ့တယ်။ အချက်နှစ်ဆယ်လောက်အထိ လိုက်မှတ်နေမိပြီးမှ လက်လျှော့လိုက်တယ်။ မဆုံးတမ်း လိုက်ရေလို့ ဘာမှ အဓိပ္ပာယ်မရှိဘူးလေ။

The wind-up bird and Tuesday’s women

By Haruki Murakami ကို ပြန်ဆိုသည် ။

* * *